# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 31 May 2023 ၁၁၁၁၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီးပွားရေးနှင့်ပတ်သက်၍ အလားအလာကောင်းများ များစွာပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်

## မိမိတို့ဒေသတွင် ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်

နေပြည်တော် မေ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းက ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ ရောက်ရှိကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများက ရိုးရာအိုးစည်များဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

### MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ထို့နောက် တွေ့ဆုံပွဲပြုလုပ်မည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမသို့ ရောက်ရှိကြပြီး အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


ယနေ့ ဖတ်စရာ

ဓမ္မသဘင် အထူးတရားပွဲများ ဖိတ်ကြားလွှာ စာမျက်နှာ » ၂

နိုင်ငံတစ်ဝန်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ ကျင်းပ စာမျက်နှာ » ၁၃



တစ်ဦးချင်းပညာအခြေခံမှသည် ပညာအခြေခံလူ့အဖွဲ့အစည်းသို့ ဆောင်းပါး စာမျက်နှာ » ၁၄

ကြေးမုံ

# အချိန်အခါမလင့် ပညာသင်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

၂၀၂၃ ခုနှစ် မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိသည် ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သည်။ ယနေ့တွင် ကျောင်းအပ်နှံပြီးနောက် မနက်ဖြန်(ဇွန်လ ၁ ရက်နေ့)တွင် ကျောင်းသား ကျောင်းသူအားလုံး တူတူညီညီ ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်ကြရတော့မည်ဖြစ်သည်။ ကလေးသူငယ် လူငယ်လူရွယ်များ၏ အဓိကအလုပ်မှာ ပညာသင်ကြားရေးဖြစ်၍ ယခုလိုကျောင်းဖွင့်ရာသီတွင် အားလုံး တူညီလှုပ်ရှား နိုးကြားတက်ကြွနေကြသည့်မြင်ကွင်းများမှာ အားတက်စရာဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ပညာရေးကို အားပေးမြှင့်တင်ပေးလျက်ရှိရာတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး၊ အနည်းဆုံး (သူငယ်တန်း+ဒွါဒသမတန်း အတန်းစဉ်မှ)နဝမတန်းအထိ သင်ယူပြီးမြောက်ရေးတို့ကို အလေးအနက်ထားပြီး အင်တိုက်အားတိုက်ဆောင်ရွက်ပေးနေသည်။ ယနေ့အချိန်အခါတွင် အခက်အခဲအကြောင်းအမျိုးမျိုးရှိနေသည့် ကလေးသူငယ်များမှလွဲ၍ အခြေခံပညာ ကျောင်းသား ကျောင်းသူများအားလုံးနီးပါး ကျောင်းအပ်နှံပြီးလောက်ပြီဖြစ်သည်။ ယခုကျောင်းအပ်နှံရေးသီတင်းပတ်တွင် မုန်တိုင်းသင့်ဒေသများမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အခက်အခဲများရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မေလ ၁၄ ရက်နေ့တွင် ပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးတွင် မုန်တိုင်းထိခိုက်သည့်ဒေသများ၌ ပြင်ဆင်မှုများ ဆောင်ရွက်ပေးရာတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မေလ ၁၄ ရက်နေ့တွင် ရခိုင်ကမ်းရိုးတန်းဒေသများသို့ စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးနောက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခဲ့သည်။ ထိုနေ့တွင်ပင် နိုင်ငံတော်အကြီးအကဲက သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဦးစားပေးအနေဖြင့် အများနှင့်သက်ဆိုင်သော ပညာသင်ကြားရေးဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်းများကို ဦးစားပေးပြုပြင်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ် မေလ ကျောင်းအပ်နှံရေးရာသီတွင် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စာသင်ကျောင်းများ အမြောက်အမြားပျက်စီးသွားခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသည့် စာသင်ကျောင်းများ၊ အထူးသဖြင့် အခြေခံပညာအထက်တန်းကျောင်းများကို အထူးဦးစားပေးပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စာသင်ကျောင်းအများစုကို မူလအခြေအနေတိုင်း ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရက မုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများမှ ပြည်သူများ၏ လူမှုဘဝများ မူလအခြေအနေသို့ပြန်လည်ရောက်ရှိအောင် အထူးကြိုးပမ်းတည်ဆောက်ပေးလျက်ရှိပြီး များသောအားဖြင့် ကျောင်းများပြန်လည်တက်ရောက်၍ ပညာသင်ကြားနိုင်ရန် အဆင်သင့်ဖြစ်နေပြီ။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး၊ အနည်းဆုံး (သူငယ်တန်း+ဒွါဒသမတန်း အတန်းစဉ်မှ)နဝမတန်းအထိပညာသင်ကြားနိုင်ရေးတွင် အခြေခံပညာကျောင်းသား ကျောင်းသူအားလုံး၏ အုပ်ထိန်းသူမိဘများ ယခင်ခေတ်ကာလများက ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့သည့် ကျောင်းအပ်ရာသီစရိတ်စကအားလုံး လုံးဝကင်းလွတ်ခဲ့ပြီဖြစ်သည်။ ကျောင်းသား ကျောင်းသူများ လိုအပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံအစရှိသည့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများပါ အခမဲ့ထောက်ပံ့ပေးသည့်အပြင် ဆင်းရဲနွမ်းပါးသည့် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ်များထောက်ပံ့ပေးထားသည်။

နိုင်ငံတော်အကြီးအကဲက မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများ တစ်ယောက်မကျန် ကူညီဖြည့်ဆည်းပေးနိုင်ရေးကို လမ်းညွှန်မှာကြားထားသလို နိုင်ငံတော်၏ ပညာရေးမူဝါဒဖြစ်သည့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် မုန်တိုင်းသင့်ဒေသများမှ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းတက်နိုင်ရေးကို အလျင်အမြန်ဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း ၁၇ မြို့နယ်တွင် ကျောင်းပေါင်း သုံးထောင်ကျော်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ကျောင်းအများစုမှာ ပျက်စီးခဲ့သည်။ ယခု ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်သည့်အခါ ကျောင်းပေါင်း ၂၄၁၀ ကို အချိန်မီဖွင့်လှစ်သွားရန် ဆောင်ရွက်ထားသည်။ သို့ဖြစ်ရာ ယခုနှစ်ကျောင်းဖွင့်ရာသီတွင် နိုင်ငံတစ်ဝန်း၌ ကျောင်းများအားလုံးဖွင့်လှစ်၍ ကျောင်းတက် ပညာသင်ကြားနိုင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

## အသိပေးနှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄) နှစ်၊ သိက္ခာတော်(၇၄)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်(အင်္ဂါနေ့) ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီ စံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင် လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် -

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း

(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း

(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း

(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်-

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ် - ၀၉-၄၄၁၀၁၀၉၂၈၃

(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် - ၀၉-၉၇၀၈၂၃၆၈၈

**အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ**

## ဓမ္မသဘင် အထူးတရားပွဲများ ဖိတ်ကြားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ ၏ အန္တိမစျာပနပူဇာသဘင် အထိမ်းအမှတ်အဖြစ် အောက်ဖော်ပြပါနေ့ရက်များတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဗန်းမော်ကျောင်းတိုက်ကြီး၌ ညစဉ် (၇) နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(၁) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက်၊ (၃-၆-၂၀၂၃)၊ (စနေနေ့) သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ။

(၂) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၂)ရက်၊ (၄-၆-၂၀၂၃)၊ (တနင်္ဂနွေနေ့) မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ။

(၃) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၃)ရက်၊ (၅-၆-၂၀၂၃)၊ (တနင်္လာနေ့) မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ။

**တရားပွဲဖြစ်မြောက်ရေးကော်မတီ**

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀-၅-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၁၀၀ | ၈၄၄ | ၆,၈၃၆,၄၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၈,၃၄၅ | ၂၄,၆၀၇,၇၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၀ | ၁၄၈,၀၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၅,၅၁၆ | ၇,၉၉၈,၂၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၇ | ၁၇,၅၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၇၀ | ၁၇၅,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၀ | ၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

❂ ရှေ့ဖုံးမှ

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ပေးထားသည့် ရင်းနှီးမတည်ငွေများအား စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများအလိုက် ထုတ်ချေးပေးထားမှုနှင့် အာလူးအအေးခန်းတည်ဆောက်ထားရှိမှု၊ ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ သတ္တုသန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်အတွက် ထုတ်ပေးထားရှိသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ MSME လုပ်ငန်းများအတွက် အစုအဖွဲ့များအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးထားမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ပေးထားမှု၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာတွင် ရွှေတက်လမ်းအာလူးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ချယ်ရီတောင်တန်း လက်ဖက်သမအသင်း အမှုဆောင်အဖွဲ့ဝင် ဦးဘစိ၊ ရှာငံမြို့နယ် သမဝါယမအသင်းစု မန်နေဂျာ ဦးအောင်ကြိုင်၊ ရှာငံမြို့နယ် ရွှေသစ်သီးဖျော်ရည်လုပ်ငန်းရှင် ဦးဝင်းမြင့်လေးနှင့် မြို့မိမြို့ဖများ၊ တက်ရောက်လာကြသူများက အာလူး တစ်ဧကချင်း အထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိစေရေးဆောင်ရွက်နေမှုနှင့် အာလူးမျိုးများ သိုလှောင်ထားရှိရန်အတွက် အာလူးအအေးခန်း သိုလှောင်ရုံဆောက်လုပ်လိုမှု၊ ပင်းတယမြို့နယ်၏ အဓိကထုတ်ကုန်ဖြစ်သည့် လက်ဖက်ထုတ်လုပ်မှုအား အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး လိုအပ်သည့် နည်းပညာ၊ စက်ကိရိယာနှင့် ရင်းနှီးမတည်ငွေများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရှာငံဒေသတွင် အရည်အသွေးပြည့်မီသည့် ကော်ဖီသီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဒေသတွင်းကော်ဖီစိုက်ဧက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက် ကော်ဖီဈေးကွက်ပိုမိုရရှိရေး လိုအပ်သည်များကို ကူညီပေးစေလိုမှု၊ လမ်းပန်းဆက်သွယ်မှုများ ယခုထက်လွယ်ကူလျင်မြန်ချောမွေ့စေရေး ပင်းတယမြို့ ရှောင်လမ်း ဆောင်ရွက်ပေးစေလိုမှု၊ ပင်းတယမြို့နှင့် ရှာငံမြို့နယ်၌ သဘာဝရေထွက်များ နည်းပါးလာခြင်း၊ လူဦးရေတိုးပွားလာခြင်းတို့ကြောင့် သောက်သုံးရေလိုအပ်မှုပမာဏ များပြားလာသဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပင်းတယမြို့ ကျက်သရေဆောင် ဘုတ်တလုတ်ရေကန်ကြီး မတိမ်ကော၊ မပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေနှင့် စီးပွားရေးချေးငွေဟူ၍ နှစ်မျိုးခွဲခြား ဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေများ ရယူနိုင်မှု၊ ချေးငွေများ ရယူပြီးပါကလည်း မှန်မှန်ကန်ကန်သုံးစွဲရန်နှင့် သတ်မှတ်ကာလများအလိုက် ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းရှင်များအနေဖြင့် စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်မှု၊ ဒေသတွင်း ထွက်ရှိသည့်ကော်ဖီနှင့် လက်ဖက်တို့ကို ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး ပြည်ပကုန်စည်များ၌ ပါဝင်ပြသနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ တင်ပြသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ချက်များ တင်ပြမှုအပေါ် အလေးထားမှတ်သား၍ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

## ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ခနိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီးပွားရေးနှင့် ပတ်သက်၍ အလားအလာကောင်းများ များစွာ ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ရာသီသီးနှံများနှင့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးကြသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် **“ဥတုရာသီ တောကိုမှီ”** ဟူသည့်အတိုင်း သဘာဝသစ်တောသယံဇာတများ မပြုန်းတီးမှ ရာသီဥတုကောင်းမွန်နိုင်ပြီး ဥတုရာသီကောင်းမွန်မှသာ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေများကို လုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ သစ်တောများ ပြုန်းတီးမှု မရှိစေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ သစ်တောများ ပြုန်းတီးမှုဖြစ်ပေါ်ခြင်းကြောင့် ရာသီဥတုများပူပြင်းလာနိုင်ပြီး စိုက်ပျိုးရေများ ခန်းခြောက်သွားနိုင်သဖြင့် သစ်တောများ ပြုန်းတီးမှုမရှိအောင် ဒေသတွင် နေထိုင်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နေသာသည့်ရက်များတွင်လည်း နေရောင်ခြည်ကို အကျိုးရှိစွာအသုံးချ၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ပင်းတယဒေသတွင် ဝမ်းစာဖူလုံမှုရှိသည်ကို အချက်အလက်များအရ တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှု မရှိသေးကြောင်း၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြစေလိုကြောင်း။

ဒေသတွင်းဝမ်းစာဖူလုံမှုရှိပါက ပြင်ပမှဝယ်ယူစားသုံးရန်မလိုအပ်သောကြောင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ဧက တိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ အခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဝင်ငွေများပိုမိုကောင်းမွန်လာပြီး ဒေသစီးပွားရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ပိုင်ဆိုင်ထားပြီးဖြစ်သည့် ရေခံမြေခံကောင်းများကို စနစ်တကျဖြင့် အကျိုးရှိစွာ အသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြစေလိုကြောင်း။

❖ ပင်းတယဒေသတွင် ဝမ်းစာဖူလုံမှုရှိသည်ကို အချက်အလက်များအရ တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသေးကြောင်း၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြစေလို

❖ ဒေသတွင်းဝမ်းစာဖူလုံမှုရှိပါက ပြင်ပမှဝယ်ယူစားသုံးရန် မလိုအပ်သောကြောင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကောင်းမွန်စေမည်

❖ စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်ရေးကို ဆောင်ရွက်

❖ အခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဝင်ငွေများပိုမိုကောင်းမွန်လာပြီး ဒေသစီးပွားရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်

## စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

မွေးမြူရေးနှင့်ပတ်သက်၍ အထွက်နှုန်းများ တိုးတက်စေရန်အတွက် အထွက်နှုန်းကောင်းသည့် မျိုးများကို စနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ ပင်းတယဒေသတွင် ကြက်၊ ဝက်၊ နွားနှင့် အခြားတိရစ္ဆာန်များကို အောင်မြင်အောင်မွေးမြူ ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အသားထုတ်လုပ်မှုများကို ဆောင်ရွက်ပေးနိုင်သည့် ဒေသတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ နို့စားနွားများမွေးမြူ၍လည်း နို့နှင့်နို့ထွက်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထုတ်ကုန်များ ဒေသတွင်း၌ရှိပြီးဖြစ်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အားပေးဆောင်ရွက်နေခြင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုအတွက် သေချာသည့် ကုန်ကြမ်းများကို ရရှိနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် လိုအပ်သည့် သဘာဝမြေဩဇာနှင့် ရေကိုလုံလောက်စွာ အသုံးပြုရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ

**စာမျက်နှာ ၅ သို့** ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# သင်တန်းစတင်သည်မှ ပြီးဆုံးသည့်အချိန်အထိ သင်ကြားပေးသည့် ဘာသာရပ်များကို မှန်မှန်ကန်ကန်ဖြင့် လေ့လာသင်ယူ တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့်ပတ်သက်၍ မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့ရှိစစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

## မိမိတို့ တစ်ဦးချင်းစီ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ်သော ကြိုးစားအားထုတ်မှုရှိရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊

စာမျက်နှာ ၅ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက်ရေကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောတပ်နယ်ရှိ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက်အရာရှိ၊ စစ်သည်များ စည်းကမ်းစနစ်တကျဖြစ်စေရေး ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း စည်းကမ်းစနစ်တကျရှိစေရေး အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်

☆ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်

✻ စာမျက်နှာ ၄ မှ

နှလုံးရည်ဖြင့်ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး သင်တန်းသားအရာရှိကြီးများအနေဖြင့် ယခုသင်တန်းအစကာလမှ သင်တန်းပြီးဆုံးသည်အထိ စဉ်ဆက်မပြတ်သော ကြိုးစားအားထုတ်မှုများဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူသားတိုင်းသည် ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် ရည်ရွယ်ချက်များနှင့် မျှော်မှန်းချက်များကိုယ်စီရှိကြပြီး မိမိတို့၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရည်မှန်းချက်များရှိမှသာလျှင် ကြိုးစားအားထုတ်မှုများလည်း ရှိလာမည်ဖြစ်ပြီး အောင်မြင်မှုများရရှိစေရေး မိမိကိုယ်ကိုမိမိ တည်ဆောက်လာနိုင်မည်ဖြစ်ကြောင်း။

**တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့် ပတ်သက်လာပါက မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြစေလို**

သင်တန်းသားအရာရှိကြီးများ အားလုံးသည် တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီးများဖြစ်ကြပြီး ကြီးလေးသည့် တာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်း အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလေ့လာ၍ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း၊ တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့ချိန်၌ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ ယခုသင်တန်း တက်ရောက်ချိန်တွင် သင်ကြားပေးသည့် သင်ခန်းစာများကို ချိန်ထိုးစဉ်းစားဆောင်ရွက်ပြီး သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းစတင်သည်မှ ပြီးဆုံးသည့်အချိန်အထိ သင်ကြားပေးသည့် ဘာသာရပ်များကို မှန်မှန်ကန်ကန်ဖြင့် လေ့လာသင်ယူကြရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့် ပတ်သက်၍ မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း။

**မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်မှသာ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်နိုင်မည်**

**မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက်အရာရှိ၊ စစ်သည်များ စည်းကမ်းစနစ်တကျဖြစ်စေရေး ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း စည်းကမ်းစနစ်တကျရှိစေရေး အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ **မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်**ဖြစ်ကြောင်း။

သင်တန်းတက်ရောက်ချိန် ကာလအတွင်း တပ်မတော်နှင့်ပတ်သက်သည့် ပညာရပ်များ၊ စစ်မြေပြင်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျသင်ယူပြီး လက်တွေ့ ပြန်လည်အသုံးချနိုင်ရေးဆောင်ရွက်ရန် လိုကြောင်း၊ လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သော လေ့လာမှုများဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြစဉ်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ သွားရောက်၍ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက်ရေကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေကန်ပေါင်များ စနစ်တကျရှိစေရေး ပြန်လည်ပြုပြင်ရန်၊ မိုးမကျမီသဲနုန်းတူးဖော်ခြင်းအား အပြီးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

❂ စာမျက်နှာ ၃ မှ

ဆောင်ရွက်ရာတွင် အာဟာရပြည့်ဝအောင် သွင်းအားစုများ မှန်မှန်ကန်ကန်ဖြင့် စိုက်ထည့်ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**ဒေသတွင်း ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ရရှိရေး**

ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးများ အသုံးပြုမှုကို အန္တရာယ်ရှိသည်အထိ အသုံးမပြုစေလိုကြောင်း၊ စိုက်ခင်းများအတွက် ရေသုံးစွဲရာတွင်လည်း စနစ်တကျ ထိရောက်စွာ ဆောင်ရွက်ရန်လိုကြောင်း၊ ပင်းတယဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စိုက်နည်းစနစ်များ၊ မြေပြုပြင်ခြင်းများနှင့် ရေအသုံးချခြင်းများကို ထိရောက်စွာအသုံးပြုသွားမည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များကို ယခုထက်ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးပညာ ကျွမ်းကျင်သူများ များစွာလိုအပ်ကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ကြွယ်ဝစွာ ရရှိရေးအတွက် ဒေသတွင်း ပညာတတ်များ ပေါ်များရန်လိုကြောင်း၊ ပင်းတယဒေသတွင် ပညာသင်ကြားမှုနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ နည်းပညာစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ၌ ပညာသင်ကြားနိုင်ရန် အနိမ့်ဆုံး အလယ်တန်းအဆင့်အထိ အောင်မြင်ထားရန်လိုအပ်ကြောင်း၊ အတန်းပညာများရှိမှသာ အတတ်ပညာရှိမည်ဖြစ်ပြီး အတတ်ပညာများရှိမှသာ ကျွမ်းကျင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပင်းတယဒေသအတွင်း ပညာတတ်များ ပေါ်များရေး ပညာရေးကို ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

**ဒေသတွင်းခရီးသွားလုပ်ငန်း တိုးတက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ခရီးသွားများကို ဆွဲဆောင်နိုင်မှုရှိသည့် သဘာဝပတ်ဝန်းကျင်အလှအပများ ရှိသည့်အပြင် ရာသီဥတုကောင်းမွန်ပြီး ထင်ရှားသည့်နေရာများကိုလည်း ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များကို ဆွဲဆောင်မှုရှိအောင်နှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသသို့ လာရောက်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့ဒေသအတွင်း သန့်ရှင်းသာယာလှပရေးအတွက်လည်း ဒေသခံပြည်သူများ၊ ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှအဓိကထွက်ရှိသည့် လက်ဖက်၊ ကော်ဖီ၊ ပဲပုပ် စသည့် စားသောက်ကုန်များကို အရသာရှိအောင်ဆောင်ရွက်၍ ထုပ်ပိုးမှုများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ရောင်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လိုအပ်သည်မှာ ဒေသတွင်း၌ နေထိုင်သူများအားလုံး အလုပ်လုပ်ကိုင်ရန်ဖြစ်ပြီး မိမိတို့ အလုပ်လုပ်ခြင်း၏အကျိုးကို မိမိတို့ ပြန်လည်ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက်ကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုး သယ်ပိုးကြရန်လိုကြောင်း၊ ယနေ့တွင် အကြံပြုဆွေးနွေးပြောဆိုမှုများသည်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဒေသတွင်နေထိုင်သည့် ဒေသခံများ၏ အကျိုးအတွက် တိုက်တွန်း ဆွေးနွေးပြောဆိုခြင်းသာဖြစ်ကြောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara – Ool ဦးဆောင်သည့် အဖွဲ့ဝင်များက ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ပင်လုံရိပ်သာဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် ယခုနှစ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု ၇၅ နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ သိပ္ပံနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ ပညာရပ်များအပါအဝင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ပညာတော်သင်များ စေလွှတ်လျက်ရှိသည့် အခြေအနေများ၊ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ် သင့်ခဲ့ရသည့် ဒေသများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံ ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်နိုင်ရေးအတွက် အပြန်အလှန် ခရီးသွားလာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဘက်ပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပချိန်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် ဒူးမားလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara–Ool အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara – Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်ဗဟိုစစ်ကော်မရှင် ပူးတွဲစစ်ဦးစီးဌာန ခေတ္တစစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်ဗဟိုစစ်ကော်မရှင် ပူးတွဲစစ်ဦးစီးဌာန ခေတ္တစစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Yang Yang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ပူးတွဲစစ်ဦးစီးဌာန ခေတ္တစစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Yang Yang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ပူးတွဲစစ်ဦးစီးဌာန ခေတ္တစစ်ဘက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Wang Wei နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

တိုးမြှင့်ရေး၊ မြန်မာ-ရုရှား နှစ်နိုင်ငံ လေကြောင်းလိုင်းများ ပုံမှန်ပျံသန်းနိုင်ရေး၊ မြန်မာ့မီးရထားကဏ္ဍ မြှင့်တင်နိုင်ရေးအခြေအနေ၊ မြန်မာနိုင်ငံအတွင်း အသေးစား နျူကလီးယား လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် နည်းပညာကဏ္ဍ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဦးသန့်စင်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် ဒူးမားလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara-Ool အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် ဖွင့်လှစ်သွားမည်
## ကျောင်းသား ကျောင်းသူ ၃၂၉၁၂၉ ဦး ကျောင်းအပ်နှံထားလျက်ရှိ



**စစ်တွေ မေ ၃၀**

မြန်မာတစ်နိုင်ငံလုံးအနေဖြင့် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများကိုလည်း ဖွင့်လှစ်နိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံမှုရက်သတ္တပတ်အဖြစ် မေ ၂၃ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ၌ မေ ၃၀ ရက်အထိ ကျောင်းသား ကျောင်းသူ ၃၂၉၁၂၉ ဦး ကျောင်းအပ်နှံထားပြီးဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံမှုအနေဖြင့် မေ ၃၀ ရက်အထိ KG တန်းတွင် ၃၂၀၀၄ ဦး၊ Grade-1 တွင် ၃၆၂၄၅ ဦး၊ Grade-2 တွင် ၄၂၄၆၉ ဦး၊ Grade-3 တွင် ၄၁၄၂၃ ဦး၊ Grade-4 တွင် ၃၁၂၀၃ ဦး၊ Grade - 5 တွင် ၃၂၇၁၇ ဦး၊ Grade- 6 တွင် ၃၀၀၉၈ ဦး၊ Grade-7 တွင် ၂၄၅ ဦး၊ Grade-8 တွင် ၂၄၄၆၇ ဦး၊ Grade-9 တွင် ၂၀၃၀၇ ဦး၊ Grade-10 တွင် ၁၄၀၁၄ ဦး၊ Grade-11 တွင် ၁၂၆၂၁ ဦးနှင့် Grade-12 တွင် ၁၁၃၁၅ ဦး ကျောင်းအပ်လက်ခံထားပြီးဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)ဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ယခုအခါ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်နယ်အစိုးရ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အချိန်မီကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း

## ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုနှင့် မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက် ဝဏ်ဘာကွင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုနှင့် မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ ဝဏ်ဘာကွင်းနှင့် စက်ရုံစုလမ်းတစ်လျှောက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူလူထု စုစုပေါင်း အင်အား ၃၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် သန့်ရှင်းရေး ဆောင်ရွက်နေကြသည့် စုပေါင်းအဖွဲ့များကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး စစ်တွေမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး အတွက် သန့်ရှင်းရေးလုပ်ငန်းများကို မကြာခဏ စုပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်သူလူထု အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်း၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကြီး သိမ်တော်အား လှည့်လည်ကြည့်ရှုကာ ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ သယ်ဆောင်လာသည့် MCL – 5 Yangon သင်္ဘော ဆိုက်ကပ်ရောက်ရှိမှု၊ For Tune သင်္ဘောပေါ်မှ လျှပ်စစ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ပစ္စည်းများအား စက်ယန္တရားကြီးများဖြင့် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှု၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဖောင်တော်ကြီး ဆိပ်ခံတံတား၌ AQUARIUS သင်္ဘောပေါ်မှ ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် သစ်ခွဲသားများအား မော်တော်ယာဉ်များပေါ်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တင်ဆောင်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီ အလိုက် တာဝန်ရှိသူများက သဘာဝဘေး ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် မဖြစ်မနေလိုအပ်သည့် ဆန်၊ သွပ်၊ သစ် လိုအပ်ချက်များကို ဒေသအလိုက်စာရင်းပြုစု၍ အနီးစပ်ဆုံး မှန်ကန်အောင် တွက်ချက်ထားရန်၊ ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ် လိုအပ်သော ပြည်သူများလက်ဝယ်သို့ ရောက်ရှိရေးနှင့် ထိထိရောက်ရောက် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းကို အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ လေးဖွဲ့ဖြင့် မေ ၁၈ ရက်မှ စတင်တာဝန်ယူ ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး စစ်တွေပြည်သူ့ဆေးရုံကြီးအတွင်းရှိ ဆေးကုသဆောင်များ၊ ဆေးသိုလှောင်ရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ စုစုပေါင်း ၂၄ ဆောင်ကို ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျောက်ကပ်ဆေးဆောင်၊ မွေးခန်းနှင့် မွေးလူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်လူနာဆောင်၊ ဆေးသိုလှောင်ရုံ၊ သွေးလှူဘဏ်၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးရုံး၊ အောက်ဆီဂျင်စက်ရုံ၊ မီးစက်ရုံ၊ ရင်ခွဲရုံ စုစုပေါင်းအဆောင် ကိုးဆောင်ကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သည်။

**ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

ထို့ပြင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးမှူးရုံးနှင့် ဆေးသိုလှောင်ရုံ စုစုပေါင်းအဆောင် လေးဆောင်ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဆေးသိုလှောင်ရုံနှစ်ဆောင် ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး သူနာပြုသင်တန်းကျောင်းရှိစာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ ကိုးဆောင်ကိုပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းအိမ်ရာ တစ်ဆောင် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဖောင်တော်ကြီးဆိပ်ခံတံတား၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးစဉ်။



စစ်တွေပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ဆေးဆောင် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



စစ်တွေပြည်သူ့ဆေးရုံကြီး မွေးခန်းနှင့် မွေးလူနာဆောင် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



စစ်တွေမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ပြည်နယ်ရုံး)သို့ သွားရောက်၍ ဝန်ကြီးဌာနလက်အောက်မှ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စီမံကိန်းလျာထားချက်များအား အောင်မြင်စွာအကောင်အထည်ဖော်ရေးနှင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသော ချေးငွေများ ထုတ်ချေးနိုင်ရေး၊ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ရေးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ အခြားသောဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

## ဖြေရှင်းဆောင်ရွက်

ထို့နောက် ဌာနများမှတင်ပြလာသော ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ စသည်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တောင်ကြီးမြို့ရှိ သစ်တော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတ္တုရေးရာကဏ္ဍတို့မှ ပြည်နယ်တာဝန်ခံများနှင့် တွေ့ဆုံ



နေပြည်တော် မေ ၂၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သစ်တောကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သတ္တုရေးရာကဏ္ဍမှ ပြည်နယ်တာဝန်ခံများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက သစ်တောဆိုင်ရာ အချက်အလက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များ၊ သတ္တုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးတွင် တပ်ဆင်ထားသော လေထုအရည်အသွေး တိုင်းတာရေးစက်ဖြင့် လေထုအရည်အသွေး တိုင်းတာဆောင်ရွက်နေမှု၊ ဓာတ်ခွဲခန်းအတွင်း အင်းလေးကန်နှင့် တောင်ကြီးဒေသ ရေထွက်မှ ရေနမူနာနှင့် စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိသော ရေနမူနာများ ဓာတ်ခွဲစမ်းသပ်နေမှု၊ ရွှေ့လျားလေထု အရည်အသွေး တိုင်းတာရေးစက်ဖြင့် လေထုအရည်အသွေး တိုင်းတာဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ဒေသရင်း "မြန်မာတစ်" ငှက်ပုံ (ကျပ် ၂၀၀ တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

နေပြည်တော် မေ ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း **"မြန်မာတစ်"** ငှက်ပုံ (ကျပ် ၂၀၀ တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၃ ခုနှစ် ဇွန် ၁ ရက် နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇွန် ၁ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်သည်။

သတင်းစဉ်




# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သတင်းရေးသားထုတ်ပြန်နည်းသင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) တို့ ပူးပေါင်း၍ သတင်းရေးသားထုတ်ပြန်နည်းသင်တန်းကို မေ ၂၉ ရက်မှ ၃၀ ရက်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံး သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အမှာစကား ပြောကြားသည်။

နှစ်ရက်ကြာ ကျင်းပခဲ့သည့် သင်တန်းတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က "နိုင်ငံ့အရေးနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ"နှင့် "သတင်းသမားသစ္စာတရား"၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးရဲနိုင်စိုးက "ပြည်သူ့ ဆက်ဆံရေးအကြောင်း သိကောင်းစရာ"နှင့် "သတင်းသမားကောင်းဆိုသည်မှာ"၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်းက "ဝေါဟာရရှင်းလင်းချက်"၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းပညာအကြံပေး ဦးဌေးလင်းက "Social Media" နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အရှေ့ပိုင်းခရိုင် ဦးစီးမှူး ဒေါ်လှလှနွယ်က "သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များ"ကို ဆွေးနွေးပို့ချပြီး သင်တန်းသို့ အရှေ့ပိုင်းခရိုင်အတွင်းရှိ ၁၃ မြို့နယ်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်း ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှု၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်မည့် အခြေအနေနှင့် နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**သိလိုသည်များမေးမြန်း**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool က ဒူးမားလွှတ်တော် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ရုရှားနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် အစဉ်အလာကောင်းများ ရှိခဲ့ပြီး ၇၅ နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ရေးယခင်ကတည်းက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ရှေ့ဆက်ပြီးလည်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကိုလေးစားပြီး အမြဲထောက်ခံ အားပေးလျက်ရှိပါကြောင်းပြောကြားကာ သိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံအလိုက်ပြဋ္ဌာန်း ဆောင်ရွက်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် တူညီမှုမရှိဘဲ မိမိနိုင်ငံ၊ မိမိအခြေအနေနှင့် ကိုက်ညီစေရန် ရေးဆွဲဆောင်ရွက်ရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရွေးကောက်ပွဲများကျင်းပရာတွင် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပြည်သူများက ယုံကြည်လက်ခံသည့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲများ၏ အားနည်းချက်များကို လေ့လာသုံးသပ်ပြီး လာမည့် ရွေးကောက်ပွဲများတွင် မဲမသမာမှုများမဖြစ်အောင် ဥပဒေများကို ဆောင်ရွက်ထားပါကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့်လည်း မဲစာရင်းပြုစုခြင်း လုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ခွင့်နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီအားလုံးအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များပြုရာတွင်လည်း ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စိစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံရေးပါတီမဆို ဥပဒေများကိုချိုးဖောက်ပါက အရေးယူခံရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ပသြဇာခံများ မဖြစ်စေရေး အရေးကြီးပါကြောင်း၊ နိုင်ငံရေးပါတီများသည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် တာဝန်ယူရမည့် သူများဖြစ်၍ ဒီမိုကရေစီ သက်တမ်းနုနယ်သည့် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးပါတီကောင်းများ၊ လူတော်လူကောင်းများ ဖြစ်အောင် ကြိုးစား ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့်သို့နိုင်း၍ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

























အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနများမှ အရာထမ်းများအတွက် အင်္ဂလိပ်စာမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အမှုထမ်းများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိလောကနတ်ခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်၍ သင်တန်းဖွင့်ပွဲအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy (NSA) မှ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ယင်းသင်တန်းများကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ မေ ၂၀ ရက်မှ ဇူလိုင် ၂၁ ရက်အထိ အပတ်စဉ် အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များတွင် မွန်းလွဲ ၃ နာရီခွဲမှညနေ ၅ နာရီခွဲအထိ ရက်သတ္တရှစ်ပတ်ကြာ တစ်ပြိုင်တည်း သီးခြားစီဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနမှ အရာထမ်းများနှင့် အမှုထမ်းများ စုစုပေါင်း ၆၁ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းတွင် Naypyitaw State Academy (NSA) မှ သင်တန်းနည်းပြများက အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာရေးသားပြောဆို ဆက်သွယ်ဆောင်ရွက်နိုင်စေရန်နှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ထိရောက်စွာ အသုံးချနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တောင်ကြီးပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှု

နေပြည်တော် မေ ၂၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switchyard အတွင်း တောင်ကြီးမြို့၏ တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ သယ်ပို့ဖြန့်ဖြူးနိုင်ရေးနှင့် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် ၁၃၂/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင် တည်ဆောက်မည့်နေရာ၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ထွက်ရှိလာမည့်လျှပ်စစ်ဓာတ်အားကို အထက်ကျိုင်းတောင်း-နမ့်စန်-တောင်ကြီး မဟာဓာတ်အားလိုင်းမှ တစ်ဆင့် လက်ခံဖြန့်ဖြူးမည့် ၁၃၂ ကေဗွီ Switch Bay တိုးချဲ့တည်ဆောက်မည့်နေရာတို့နှင့် လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိ ဖြန့်ဖြူးထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အား စဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား စနစ်တကျစစ်ဆေး ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားထိန်းချုပ်မောင်းနှင်ကြရန်၊ ဓာတ်အားခွဲရုံ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စရပ်များ တင်ပြမှုများအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒု-စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၀

ဒု-စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။



သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က ဒု-စာရင်းစစ်မှူး များသည် စစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံကျသည့် လုပ်ငန်းတာဝန်များကို အဓိကပါဝင် ဆောင်ရွက်ပေးကြရသူများဖြစ်သဖြင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ပညာရပ်များကို ကျွမ်းကျွမ်းကျင်ကျင် နားလည်တတ်မြောက်ထားရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ ယခုသင်တန်းမှ ပို့ချမှုများသာမက ကိုယ်တိုင်လေ့လာ ဆည်းပူးတတ်သည့် အလေ့အကျင့် ကောင်းများဖြင့် မိမိတို့အတွက် လိုအပ်သည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများ ပိုမိုတိုးတက်မြင့်မားစေရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်လည်း ခေါင်းဆောင်၏ ဦးဆောင်လမ်းညွှန်မှုကို နားလည်သဘောပေါက်ပြီး လိုက်ပါ ဆောင်ရွက်တတ်သည့် နောက်လိုက်ကောင်းများ ဖြစ်ရန်၊ ဌာန၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်လေးစားမှုဖြင့် ဆက်သွယ်ဆောင်ရွက်တတ်ရန်နှင့် စာရင်းစစ်ကျင့်ဝတ်သိက္ခာများနှင့် အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဝန်ထမ်းငယ်ဘဝမှပင် "ရိုးရိုးကျင့် မြင့်မြင့်ကြံ" စိတ်ထားဖြင့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများ ဆည်းပူးဖြည့်ဆည်း၍ မိမိအဖွဲ့အစည်းမှ အားထားရသော အရည်အချင်း ပြည့်မီသည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးစားကြစေလို ပါကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းကို အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် မေ ၁၀ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ၈၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးများမှ ၂၂ ဦး စုစုပေါင်း ၁၀၄ ဦး တက်ရောက်ပြီးမြောက်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးနဲမြို့နယ်၌ မိုးနေကြာတောင်သူပညာပေး စံပြကွက်စိုက်ပျိုး

မိုးနဲ မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ဆိုက်ဖယ်ကျေးရွာနေ တောင်သူ ဦးမောင်မြင့်၏ ယာမြေနေရာ၌ ရေဆင်း(၁) စပ်မျိုးမိုးနေကြာ တောင်သူပညာပေး စံပြကွက်စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းကာ ကွင်းဆင်းစိုက်ပျိုးခဲ့ကြသည်။

မိုးနဲမြို့နယ်အတွင်း ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မိုးနေကြာအထွက်နှုန်းတိုးတက်စေရေးအတွက် ရေဆင်း(၁) စပ်မျိုးနေကြာစိုက်ပျိုးရာ စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဧကအထွက်နှုန်း တိုးတက်စေရေး၊ မျိုးစိုက်စနစ်ဖြင့် သွင်းအားစုအသုံးပြုခြင်း၊ အပင်ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း၊ နည်းစနစ်မှန် လိုက်နာဆောင်ရွက်စေရေး တောင်သူများအား ပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**



မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အင်းကုန်းကျေးရွာအနီး သီတဂူဓေါတိကဝိပဿနာတက္ကသိုလ်ဝင်း၌ ကျင်းပရာ အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (၂၀၂၃)

(မေလ ၃၁ ရက် ၂၀၂၃)

World No Tobacco Day (2023)

ဆေးလိပ်ဆေးရွက်ကြီး တို့မလို ၊ စားရေရိက္ခာကိုသာလို

We need food, not tobacco

၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့




"ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့"

" Solutions to Plastic Pollution "

# ရခိုင်ပြည်နယ် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့



နေပြည်တော် မေ ၂၀

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Charites ရေယာဉ်သည် သွပ် ၁၁၂၆၂၇ ချပ်၊ ဘိလပ်မြေအိတ် ၃၀၀၀၊ သံချောင်းတန် ၄၀၀၊ မိုးကာဖျင် ၂၉၇ လိပ်၊ အိမ်ရိုက်သံဖာ ၄၀၊ သစ်တင်ယာဉ်လေးစီး၊ ကျွန်းသစ်လုံး ၁၁၁၁ လုံး၊ သစ်ခွဲသား ၁၀၁ ဒသမ ၅ တန်၊ Hollow Pipe အချောင်း ၉၀၀၀၊ ရေသန့်ကတ် ၂၈၄၀၊ ခေါက်ဆွဲခြောက် ၅၄၆၇ ဖာ၊ အသင့်စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများ၊ ဆေးဝါးနှင့် ပြန်လည် ထူထောင်ရေးပစ္စည်း တန်ချိန် ၂၇၀၀ တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော် စစ်ရေယာဉ်များ အပါအဝင် စုစုပေါင်းရေယာဉ် ၁၄ စင်းဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၈၅၁၁ တန်နှင့် ဒီဇယ်၂၄၉၇၆၂ ဂါလန်၊Octane 92 ၁၉၉၈၈၆ ဂါလန်အား ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်အမျိုးသားကွန်ရက်(ရန်ကုန်)မှ တစ်ဆင့် အလှူငွေ သိန်းတစ်ရာ လာရောက်လှူဒါန်း

ရန်ကုန် မေ ၂၀

မိုခါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ရခိုင်ဒေသလေဘေးသင့်ပြည်သူများအတွက် (ဒေါက်တာ တင်အောင်အေး)နှင့် ဇနီးသုဓမ္မသိင်္ဂီဒေါ်ကျန်တင်(အငြိမ်းစားသူနာပြုဆရာမကြီး) မိသားစုက ရခိုင်အမျိုးသားကွန်ရက်(ရန်ကုန်)မှတစ်ဆင့် အလှူငွေ သိန်းတစ်ရာ လာရောက်လှူဒါန်းသည်။



၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် ရခိုင်ကမ်းရိုးတန်းကို ဦးတည်ကာ တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်း မိုခါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်းတစ်ရာ တိတိကို (ဒေါက်တာ တင်အောင်အေး)နှင့် ဇနီးသုဓမ္မသိင်္ဂီ ဒေါ်ကျန်တင်(အငြိမ်းစားသူနာပြုဆရာမကြီး)မိသားစု "မြရတနာအထွေထွေရောဂါကုဆေးခန်း"မှ မေ ၂၃ ရက်တွင် ရခိုင်အမျိုးသားကွန်ရက်(ရန်ကုန်)ရုံး၌ လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်ဂုဏ်ပြုဝမ်းမြောက်ကြောင်း ပြောကြားသည်။

သတင်းစဉ်

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်း အကွက်အမှတ်(၅၁)တွင် မေ ၂၉ ရက်နံနက်ပိုင်းက ၂၀၂၃ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)





မေ ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ လိန်တောကြိုးပြင် ကာကွယ်တော၌ တမာ၂၀၀၊ စိန်ပန်း ၂၀၀ နှင့် မဲဇလီ ၁၀၀ စုစုပေါင်း ပျိုးပင် ၅၀၀ ကို စိုက်ပျိုးရန် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက ပျိုးပင်များကို ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၄ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း ၁၂ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၃၀ ရက် )

**ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လောက်ကိုင်မြို့၊ တုံချန်၊ ရပ်ကွက် (၁)၊ ကြည်ရှန်လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့် အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၁၉ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နာဂအမျိုးသားပါတီ [Naga National Party (NNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက် )

**နာဂအမျိုးသားပါတီ [Naga National Party (NNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **နာဂအမျိုးသားပါတီ [Naga National Party (NNP)]** ကို ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**နာဂအမျိုးသားပါတီ [Naga National Party (NNP)]**၏ မှတ်ပုံတင်အမှတ်မှာ ( ၂၀ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်



လွိုင်ကော် မေ ၃၀

ကယားပြည်နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က ပြည်နယ်အတွင်း ကျောင်းများဖွင့်လှစ်မှုနှင့် ကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်ရိုးသစ် Grade-5၊ Grade-9 နှင့် Grade-12 ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းသုံးစာရေးကိရိယာများကို အခမဲ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံတစ်ဝန်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားများ ကျင်းပ

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထက (ပန်းတောင်း) ကျောင်း၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသိန်းဒန်၊ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မိမိနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးရန်လင်းအောင်တို့က ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ရေး**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက ရေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမင်းဌေးဦးက ကျောင်းနေကလေးများအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးနေမှုများ၊ အခမဲ့ပညာရေးစနစ်အကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးတို့က ကျောင်းအုပ်ဆရာဆရာမကြီးများအား ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

**အလုံ**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အလုံခရိုင်ပညာရေးမှူး ဒေါ်သင်းသင်းမြတ်တို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **မောင်မောင်(လှျပ်စစ်)**

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက အထက်တန်းကျောင်း(နတ်တလင်း) မနောဟဒယခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသောင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ အခြေခံပညာကျောင်းများသို့ အခမဲ့ပေးအပ်သော ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများကရယူခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

**ရွာငံ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲက အထက(ရွာငံ) ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူး ဦးခင်ဇော်ထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး ကျော်ဦးတို့က အမှာစကားများပြောကြားကြသည်။

ထို့နောက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ရှိကျောင်းသား ကျောင်းသူများအား အခမဲ့ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများကို တာဝန်ရှိသူများက ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူလေးများက လက်ခံရယူခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**လားရှိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ဌေးက ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှပေးအပ်သော ကျောင်းသုံးပုံနှိပ် စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်နှင့် ခဲတံများ၊ ကျောင်းဝတ်စုံများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး(အရှေ့) ညောင်လေးပင်မြို့နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၀ ရက်က အထက(၁) ညောင်လေးပင်မြို့ ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာများကို အခြေခံပညာကျောင်းများသို့ ပေးအပ်ကြသည်။

ယင်းနောက် ညောင်လေးပင်ခရိုင် ပညာရေးမှူး ဦးညွန့်ဝေက ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**၅၆၈**

**မော်လမြိုင်**

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦးက ကျောင်းအပ်နှံမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌတို့က ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများနှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**


၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ



ပညာရေးဝန်ကြီးဌာန

၂၀၂၃-၂၀၂၄ ပညာသင်နှစ်

“အသိပေးကြေညာချက်”

❖ **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။**

❖ **၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။**

# တစ်ဦးချင်းပညာအခြေခံမှသည် ပညာအခြေခံလူ့အဖွဲ့အစည်းသို့

**မိမိဘဝရဲ့တန်ဖိုးတစ်ခုဟာ ပညာစွမ်းအားအပေါ်မှာသာ မှီတည်ပါတယ်။ တည်ငြိမ်တဲ့ လမ်းကြောင်းတစ်ခုမှာ လျှောက်ချင်ရင် အခြားအရာတွေထက် ပညာကိုသာ ဦးစားပေးရှာဖွေရပါမယ်။ ပညာကသာ ကောင်းတဲ့အလုပ်ကို ရွေးချယ်နိုင်ပြီး အကောင်းဆုံးအကျိုးပြုနိုင်မှာဖြစ်တဲ့အတွက် ကောင်းတဲ့ဂုဏ်သတင်းနဲ့အတူ ဘဝရှင်သန်ရပ်တည်မှု အခက်အခဲမရှိအောင် လမ်းပြသည်က ပညာသာလျှင်ဖြစ်ပါတယ်။**

ဒေါက်တာမြတ်မိုး



ပတ်ဝန်းကျင်ရှုထောင့်စုံက ဘယ်အာရုံလာလာ၊ ကမ္ဘာကြီးရဲ့ ဘယ်နေရာက ဘယ်လိုအရာတွေ ရိုက်ခတ်သည်ဖြစ်စေ အကြောင်းအကျိုး၊ အဆိုးအကောင်း ခွဲခြားစိတ်ဖြာဝေဖန်နိုင်မှုကို ပေးနိုင်စွမ်းတာလည်း ပညာပါပဲ။ အနာဂတ်ခရီးလမ်းကို ချောမွေ့စေမယ့် ပတ်စ်ပို့တစ်ခုအဖြစ် ပညာကို တင်စားနိုင်သလို ယနေ့အချိန်မှာ ကြိုတင်ပြင်ဆင်မှု အားကောင်းသူတွေသာလျှင် အနာဂတ်ကို ပိုင်ဆိုင်ကြပါလိမ့်မယ်။ မိမိကိုယ်မိမိ ပြောင်းလဲနိုင်တာ၊ မိသားစု လူ့အဖွဲ့အစည်းကို၊ နောက်ဆုံးကိုယ့်နိုင်ငံကိုယ့်ကမ္ဘာကြီးကိုတောင် ပြောင်းလဲပေးနိုင်တာက ပညာတည်းဟူသော လက်နက်စွမ်းပကားသာလျှင် ဖြစ်ပါတယ်။

ဒီလို ပညာရဲ့စွမ်းအားတွေကြောင့် လောကကြီးဟာ တရားမျှတမှုနဲ့အတူ အလှတရားတွေရှိလာပါတယ်။ မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်မှုကြောင့် အမှားလည်းကင်းလာသလို အမိုက်ကင်းကင်းနဲ့ ရပ်တည်ချက်ကြောင့်လည်း စိတ်ကူးအိပ်မက်တွေဟာ တကယ်ဖြစ်လာပါလိမ့်မယ်။ လူ့အဖွဲ့အစည်းတစ်ခုအတွင်း ငြိမ်းချမ်းသာယာမှု ကင်းမဲ့ခြင်းရဲ့ အကြောင်းရင်းတစ်ခုဟာ ကောင်းတာနဲ့ မကောင်းတာကို ကွဲကွဲပြားပြားခွဲခြားတတ်သူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ ပဋိပက္ခကို မှန်မှန်ကန်ကန်သုံးသပ်ဖြေရှင်းနိုင်စွမ်းသူတွေ နည်းပါးလာတာကြောင့်လို့ဆိုပါတယ်။ အဲဒီသုံးသပ်ချက်ပဲ ပညာရေးနဲ့ ငြိမ်းချမ်းခြင်းရဲ့ ဆက်စပ်မှုသဘောတရားကို ပြသနေတာလို့ ယူဆရမှာဖြစ်ပါတယ်။

### ပညာအခြေခံလူ့စွမ်းအားအရင်းအမြစ်ဖြင့်သာ

မြင်ကွင်းကျယ်ကျယ်နဲ့ လှပတဲ့ အနာဂတ်တစ်ခုကို ပုံဖော်လိုရင် ပညာအခြေခံတဲ့ လူ့စွမ်းအားအရင်းအမြစ်တစ်ခုကို မလွဲမသွေတည်ဆောက်ရပါလိမ့်မယ်။ ပညာအခြေခံအုတ်မြစ်မခိုင်မာတဲ့နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ရပ်ဟာ ဘယ်လိုမှဖွံ့ဖြိုးတိုးတက်လာစရာအကြောင်းမရှိပါဘူး။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအရှိတရားကိုပဲ လှ့လာကြည့်ပါ။ အားကိုးထိုက်တဲ့ အသိအတတ်ပညာရှင်များစွာလိုအပ်နေတဲ့ အခြေအနေတစ်ရပ်ကို တွေ့မြင်နေရပါတယ်။ အခုကာလဟာ ဘာသာတရားကို အခြေခံပြီး နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေကို ခက်ခက်ခဲခဲပြန်လည်ပြုပြင် တည်ဆောက်ရမယ့် အနေအထားတစ်ရပ်မှာ ရောက်ရှိနေပါတယ်။

အပြန်အလှန် လေးစားတတ်မှု၊ နားလည်ပေးနိုင်မှု၊ ကြင်နာသနားတတ်မှု၊ နာခံတတ်မှု၊ စိတ်ထားတတ်မှု၊ အကောင်းမြင်မှု စတဲ့လိုအပ်ချက်တွေအတွက် မှန်ကန်တဲ့အသိအမြင်တွေ ပေးဖို့၊ ရယူဖို့ များစွာလိုအပ်နေပါတယ်။ အသိအလိမ္မာ အားနည်းမှုနဲ့အတူ အကောင်းအဆိုး၊ အကြောင်းအကျိုး ဆန်းစစ်ဝေဖန်နိုင်စွမ်း မရှိခြင်းရဲ့ သက်ရောက်မှုတွေကို အားလုံးခံစားနေကြရပါတယ်။ ယနေ့ကြမ်းတမ်းခက်ထန်မှုတွေ၊ ပူလောင်မှုဒဏ်ရာဒဏ်ချက်တွေဟာ ပညာမပြည့်ဝခြင်းရဲ့ ဆိုးကျိုးတွေပါပဲ။

အတတ်ပညာအပြင် အသိပညာကိုပါ မှန်မှန်ကန်ကန်နဲ့ စနစ်တကျဖြည့်ဆည်းပေးနိုင်မှသာ စဉ်းစားဉာဏ်ရင့်သန်ပြီး ထက်မြက်တဲ့အတွေးအခေါ်နဲ့အတူ ဆင်ခြင်တုံတရားရှိတဲ့ လူ့စွမ်းအား အရင်းအမြစ်များစွာ ထွက်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ အခမဲ့ ပညာသင်ကြားနိုင်ခွင့်ကို အပြည့်အဝ လက်လှမ်းမီစေမယ့် ပညာသင်ကြားခွင့်ဆိုတဲ့အခွင့်အလမ်းကောင်းကို အားလုံးရရှိအောင် ပေးဆောင်နိုင်ခြင်းရှိရပါမယ်။ အခုမျိုးဆက်အတွက်သာမက နောင်မျိုးဆက်တွေအထိပါ လှမ်းမျှော်ကြည့်ပြီး သင်ယူသူဘက်ကနေ သင်ယူလိုစိတ်တွေဖြစ်နေအောင် မပြတ်နှိုးဆွပေးနိုင်စွမ်းရှိနေရပါမယ်။

### မိဘ၊ ဆရာသည်သာ ရှေ့ဆောင်လမ်းပြ စံပြပုဂ္ဂိုလ်အရာ

ပညာရေးဝန်းကျင်ကောင်းတစ်ခုကို မိဘ၊ ဆရာ၊ ကျောင်းသားဆိုပြီး ဒေါက်တိုင်သုံးခုနဲ့ တည်ဆောက်ယူရပါတယ်။ ဒီအချိန်မှာ အဓိကဖန်တီးရှင်ဖြစ်တဲ့ ပျိုးထောင်သူ မိဘရဲ့စေတနာနဲ့ အမြော်အမြင်ဟာ အထူးပဲအရေးကြီးသလို စံနမူနာပြအဖြစ် ပုံသွင်းပေးမယ့် လေးစားထိုက်တဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းရည်နဲ့ အတွေ့အကြုံတွေဟာလည်း အလွန်အရေးပါလှပါတယ်။ အရေးကြီးတာက ပညာတန်ဖိုးကြီးမားပုံနဲ့ ပတ်သက်ပြီး မိဘဆရာတွေရဲ့ အတွေးအခေါ်နဲ့စဉ်းစားပုံပါ။ ဒီကတစ်ဆင့် သူတို့ရဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာခံနဲ့ ဉာဏ်ပညာကို ပြဋ္ဌာန်းပါတယ်။

စာသိသိရာမှတစ်ဆင့် ပညာသိသိဖို့မှာ ကလေးတွေကို မှန်မှန်ကန်ကန် ဆုံးမပဲ့ပြင်တတ်တဲ့ မိဘနဲ့ ဆရာ ဆရာမတွေကသာ အနီးကပ်စံပြပုဂ္ဂိုလ်တွေ ဖြစ်သင့်ပါတယ်။ မိမိတို့ရဲ့ သားသမီးလေးတွေ ဂါရဝတရားထားတတ်အောင်၊ ကျေးဇူးအထူးသိတတ်သူတွေ ဖြစ်အောင် မင်္ဂလာတရားနဲ့အညီ နေတတ်ထိုင်တတ်အောင် လမ်းညွှန်ပြသနိုင်သူတွေဟာ မိဘ၊ ဆရာတွေပဲ ဖြစ်ပါတယ်။ ပညာကို ပြင်းပြင်းပြပြသင်ယူလိုစိတ်နဲ့ ကြိုးစားသင်ယူနေအောင်၊ စွယ်စုံသုတကြွယ်ဝလာအောင်၊ တတ်မြောက်ထားတဲ့ ပညာရပ်ကို လက်တွေ့အသုံးချခွင့်ရအောင် ရှေ့ဆောင်လမ်းပြဟာ မိဘဆရာတွေပါပဲ။

ပြောရမယ်ဆိုရင် မိဘတွေရော၊ ဆရာ ဆရာမတွေပါ မိမိတို့ရင်သွေးတွေ၊ ကျောင်းသားတွေရဲ့ ချစ်ခင်လေးစားအားကျရတဲ့ ပုဂ္ဂိုလ်မြတ်တွေ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအရာမှာ စံပြုရတဲ့ သူရဲကောင်းတွေဖြစ်အောင် ခံယူချက်ကောင်းကောင်းနဲ့ ပြုစုပျိုးထောင်ပေးရပါမယ်လို့ ဆိုချင်တာဖြစ်ပါတယ်။

### ပညာသဘောတရား အားနည်းခြင်းနှင့်အတူ

တာဝန်ရှိတဲ့မိဘတွေက သားသမီးတွေကို စာသင်ခန်းနဲ့ နီးသထက်နီးအောင် ကျောင်းရှိရာအရပ်ဆီ ပို့ပေးနေသလို ဆရာဆရာမတွေအပါအဝင် တာဝန်ရှိသူအားလုံးကလည်း လိုအပ်တာမှန်သမျှ တတ်နိုင်တဲ့ဘက်က ပညာရေးခရီးဖြောင့်ဖြူးရေးမှာ ပါဝင်ဖြည့်ဆည်းနေကြတာကို တွေ့မြင်နေရပါတယ်။ ပညာသင်ခွင့်မရတာဟာ ကလေးအတွက်ရော၊ မိဘတွေအတွက်ရော နိုင်ငံအတွက်ပါ အထူးနစ်နာလှတဲ့အပြင် ပညာမဲ့များတဲ့လူ့အဖွဲ့အစည်းနဲ့ တတ်ထားတဲ့ပညာကိုအသုံးမချတတ်တဲ့ ဝန်းကျင်မှာ အမှားဟူသမျှ တွေ့မြဲတွေ့နေရတဲ့အတွက် ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားနဲ့ယှဉ်တဲ့ ပညာသဘောတရားအားနည်းလာတဲ့အခါ စောင့်ထိန်းရမယ့်သိက္ခာတရားက ပျော့ပါးလာတတ်ပါတယ်။

ဗဟုသုတမပြည့်တော့ သူများစည်းရုံးတာ အလွယ်တကူခံရ၊ ဆင်ခြင်တုံတရားနည်းတော့ ဆောင်ရန်ရှောင်ရန်မသိ၊ အစွန်းနှစ်ပါးက လွတ်အောင်မရှောင်နိုင်၊ အမှားအမှန်မသိတော့ မျှမျှတတဖြစ်အောင် ဆောင်ကြဉ်းနိုင်စွမ်းလည်းမရှိ၊ အေးချမ်းသာယာမှုကင်းပြီး အပျက်သဘောချည်းသာ တွေ့နေရတတ်ပါတယ်။ ကမ္ဘာ့အလယ်မှာ နောက်ကျမကျန်ရစ်ဖို့နဲ့ ဒီအချက်တွေကို ပြန်ပြီးတည်ဆောက်ဖို့ဆိုရင် ပညာရှင်တွေ များစွာလိုအပ်တယ်ဆိုတဲ့ ထောက်ပြချက်တွေကို လျစ်လျူမရှုမိဖို့ လိုအပ်ပါတယ်။

### စာသိသိမှ ဗဟုသုတအတွေ့အကြုံကို အခြေခံသော ပညာသိသို့

ဒီနေရာမှာ ပညာဆိုတဲ့စကားလုံးကို တောက်လျှောက်သုံးလာခဲ့တဲ့ အဓိကအချက်က စာသင်ခန်းက သင်ယူရခဲ့တဲ့ အတန်းပညာနဲ့တကွ စာသိသိတာထက် ပိုသာတဲ့ စူးစမ်းလေ့လာထိုးထွင်းသိမြင်တဲ့ပညာသိကို ဆိုလိုရင်းဖြစ်ပါတယ်။ နှစ်စဉ်စာမေးပွဲအောင်ရုံနဲ့ မပြီးစေဘဲ အခြေခံပညာကရခဲ့တဲ့ပညာကို အခြေခံပြီး ဗဟုသုတတိုးပွားအောင် အစဉ်ဖတ်မှတ်လေ့လာနေဖို့ လိုပါသေးတယ်။ အခြေခံပညာအပေါ်မှာ ဗဟုသုတတိုးသထက် တိုးအောင်လုပ်၊ လုပ်ငန်းခွင်ရောက်ရင် လက်တွေ့အတွေ့အကြုံနဲ့ ထပ်ဆင့်ပေါင်းပြီး စာတွေ့ကို တကယ့်လက်တွေ့နဲ့ ပေါင်းစပ်အသုံးချတတ်မှသာ အသိအတတ်ပညာရှင်အဆင့်ကို ရောက်မှာပါ။ စာသိသိတာထက် အတွေ့အကြုံက သင်ယူရရှိတဲ့ ပညာသိက ပိုပြီးအားကောင်းပါတယ်။

စာသိ + သုတ + အတွေ့အကြုံ ပေါင်းစပ်မှုဟာ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဖြစ်ရပ်တစ်ခုအပေါ် ယုတ္တိရှိ/ မရှိ ချင့်ချိန်နိုင်စွမ်း၊ ဆက်စပ်စဉ်းစားပြီး ဖြန့်ကြက်အတွေးအခေါ်နဲ့အတူ ခြုံငုံသုံးသပ်နိုင်စွမ်း၊ အကြောင်းအကျိုး၊ အဆိုးအပြစ်ကို မြော်တွေးနိုင်ပြီး မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်စွမ်း စတဲ့ များစွာသော အရည်အချင်းတွေကို ပေးစွမ်းပါတယ်။ ဒ့ါအပြင် ဒီလိုစွမ်းရည်မျိုးတွေဟာ မိမိကိုယ်မိမိ ယုံကြည်ချက်ကိုပါ တိုးပွားစေတဲ့အတွက် အလုပ်လုပ်တဲ့အခါမှာ တာဝန်ယူတာဝန်ခံမှုရှိလာစေတဲ့အပြင် ပေးအပ်တဲ့တာဝန်ကိုလည်း ကျေကျေပွန်ပွန်နဲ့ ပြီးမြောက်အောင် ထမ်းဆောင်နိုင်တာမျိုး ဖြစ်စေပါတယ်။ ယနေ့၂၁ ရာစုခေတ်မှာ တောင်းဆိုနေတဲ့ အရည်အသွေးတွေပဲ ဖြစ်တဲ့အတွက် နိုင်ငံမှာ အရေးတကြီးဖြည့်ဆည်းပေးရမယ့်အရာတွေလည်း ဖြစ်နေပါတယ်။ ရေတိုထက် ရေရှည်အကျိုး၊ တစ်ဦးချင်းအကျိုးစီးပွားထက် အများရဲ့အကျိုးစီးပွားကို

စာမျက်နှာ ၁၅ သို့ ✳

**စာသိသိရာမှတစ်ဆင့် ပညာသိသိဖို့မှာ ကလေးတွေကို မှန်မှန်ကန်ကန် ဆုံးမပဲ့ပြင်တတ်တဲ့ မိဘနဲ့ ဆရာ ဆရာမတွေကသာ အနီးကပ်စံပြပုဂ္ဂိုလ်တွေဖြစ်သင့်ပါတယ်။ မိမိတို့ရဲ့သားသမီးလေးတွေ ဂါရဝတရားထားတတ်အောင်၊ ကျေးဇူးအထူးသိတတ်သူတွေဖြစ်အောင် မင်္ဂလာတရားနဲ့အညီ နေတတ်ထိုင်တတ်အောင် လမ်းညွှန်ပြသနိုင်သူတွေဟာ မိဘ၊ ဆရာတွေပဲဖြစ်ပါတယ်။ ပညာကို ပြင်းပြင်းပြပြသင်ယူလိုစိတ်နဲ့ ကြိုးစားသင်ယူနေအောင်၊ စွယ်စုံသုတကြွယ်ဝလာအောင်၊ တတ်မြောက်ထားတဲ့ပညာရပ်ကို လက်တွေ့အသုံးချခွင့်ရအောင် ရှေ့ဆောင်လမ်းပြဟာ မိဘဆရာတွေပါပဲ**

# ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် အိမ်အမိုးသွပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် အိမ်အမိုးသွပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု သောဠသမဏ္ဍကျောင်းသာသနာပိုင် သီတဂူအဓိပတိ ဆရာတော် ဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်က ရခိုင်ပြည်နယ် လေဘေးသင့် ပြည်သူများအတွက် အိမ်အမိုးသွပ်အချပ် ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

ဘုတ်ပြင်း မေ ၂၀

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို အောင်မင်္ဂလာရပ်ကွက်ရှိ ရွှေသာလျောင်းဘုရားရှေ့တွင် ယနေ့နံနက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက စိုက်ပျိုးမည့်ပျိုးပင်များကို ခရိုင်/မြို့နယ်ပညာရေးမှူးအား လည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့အား လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များအား လည်းကောင်း ပျိုးပင်များ ဖြန့်ဝေပေးအပ်ခဲ့သည်။



**စုပေါင်းစိုက်ပျိုးခဲ့**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ NGO အဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်းစိုက်ပျိုးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါမိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းပင် ၁၀၀၊ ခရေပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀ နှင့် မန်ကျည်းရှားပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)အား ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၁၉၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၃၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၅-၂၀၂၂) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၀-၅-၂၀၂၂) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၉၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၃၉,၈၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၁၈) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၇,၇၇၄) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

✳ စာမျက်နှာ ၁၄ မှ

ဖြည့်ဆည်းပေးနိုင်မယ့် လိုအပ်ချက်တွေပါပဲ။

### ပညာသင်ခွင့်မှသည် တတ်သိပညာရှင်အဖြစ်သို့

နိုင်ငံအားလုံးက ပညာအုတ်မြစ်အခြေခံနဲ့ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေကြရပါတယ်။ တိုးတက်တဲ့နိုင်ငံအားလုံးမှာ ပညာရေးရေချိန်ပိုပြီးမြင့်မားတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ပညာရေးအားနည်းမှုနဲ့အတူ ဆင်းရဲမွဲတေမှု၊ ရောဂါဘယထူပြောမှု၊ အကြမ်းဖက်၊ ပြည်တွင်းစစ်၊ မငြိမ်းချမ်းမတည်ငြိမ်မှု စတာတွေဟာ အနည်းနဲ့အများ ဆက်စပ်နေတတ်ပါတယ်။ ပြည်တွင်းစစ် မည်မည်ရရမရှိတဲ့နိုင်ငံအချို့မှာတောင် ပညာကောင်းကောင်းသင်ခွင့်မရတဲ့အခြေအနေတချို့ ကြားဖူးပါလိမ့်မယ်၊ ပညာတန်ဖိုး နားမလည်လို့ရယ်၊ အစွန်းရောက်အဖွဲ့အစည်းတွေရဲ့ ပယောဂကြောင့်ရယ်လို့ ယူဆမိမှာပါ။ မိမိတို့နိုင်ငံမှာတော့ ငြိမ်းချမ်းရေးအနေအထား၊ စီးပွားရေး၊ ကျန်းမာရေးအခြေအနေတွေကြားထဲက ပညာသင်ကြားခွင့်ရှိသူတိုင်း ပညာသင်ကြားခွင့်ရရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူတွေက ကြိုးစားလှုံ့ဆော်နေတာတွေ့ရပါတယ်။

ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ပြီး ပညာရည်မြင့်မားအောင် အားထည့် ဆောင်ရွက်နေကြပါတယ်။ ပညာရဲ့တန်ဖိုးကို အလေးအနက်ထားလေတော့ ပညာသင်ခွင့်ရအောင်၊ ပညာသင်ရုံနဲ့မပြီး ပညာတတ်ဘွဲ့ရတွေများလာအောင်၊ ပညာတတ်ရုံနဲ့မပြီး ပညာရှင်တွေများလာအောင် ကြိုးစားတည်ဆောက်နေရပါတယ်။ ပညာရှင်အဆင့်ကိုတော့ မိမိကျွမ်းကျင်တဲ့ဘာသာရပ်ကို လက်တွေ့နယ်ပယ်မှာ အခြေအနေအချိန်အခါအလိုက် အသုံးချနိုင်စွမ်းရှိသူ၊ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ တာဝန်ယူတာဝန်ခံမှုရှိသူ၊ အခြားသူတွေအတွက် များများစဉ်းစားပေးပြီး မျှဝေပညာပေးနိုင်သူကိုသာ သတ်မှတ်ပါတယ်။ တိုင်းပြည်မှာ ဒီလိုလူမျိုးတွေများလာအောင်တော့ ကြိုးစားယူရဦးမယ်လို့ ယူဆမိပါတယ်။

### ပညာရေးကို မိမိဘဝနှင့် ထပ်တူခံစားနားလည်ပေးပါ

ယနေ့ ကျောင်းသားလူငယ်တွေ အနေနဲ့လည်း စာသင်ခန်းကရခဲ့တဲ့ ပညာနဲ့တင် တင်းတိမ်ရောင့်ရဲနေရုံနဲ့ မပြီးစေဘဲ စဉ်ဆက်မပြတ်လေ့လာအားထုတ်ရမယ့် အရာများစွာရှိနေသေးတယ်လို့ အလေးအနက်ခံယူထားသင့်ပါတယ်။ အဓိပ္ပာယ်ရှိပြီး အောင်မြင်တဲ့ ဘဝတစ်ခုမှာ ရပ်တည်နိုင်ဖို့ အချိန်မဖြုန်းသင့်ပါဘူး။ မိမိဘဝရည်မှန်းချက်အတွက် ပညာကို အခြေခံကြပေမယ့် ပညာရေးကို ကိုယ့်ဘဝကြီးနဲ့ထပ်တူထပ်မျှ ခံစားနားလည်ထားရပါမယ်။ ဒါကြောင့်လည်း ယနေ့ပဋိပက္ခတွေကြားထဲက ခက်ခက်ခဲခဲဖန်တီးပေးထားတဲ့ ပညာရေးဝန်းကျင်မှာ ပါဝင်သင်ယူကြဖို့အရေး ဝေဝေဝါးဝါးဖြစ်မနေသင့်ဘဲ နှောင့်နှေးတုံ့ဆိုင်းနေဖို့လည်း အကြောင်းမရှိကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။

အမှောင်မှာ ပိတ်မနေသင့်တော့ဘဲ ဆက်ပြီး အလင်းပျောက်နေကြဦးမယ်ဆိုရင် နိုင်ငံနဲ့အများအတွက် အကျိုးပြုဖို့နေနေသာသာ နောင်မှာ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ဖို့တောင် အနိုင်နိုင်ဖြစ်မှာ သေချာပါတယ်။ ပညာမဲ့ရင် အသိလည်းမဲ့၊ အသိမဲ့တဲ့သူဟာ ဖောက်ဖောက်ပြန်ပြန်၊ မှားမှားယွင်းယွင်းနဲ့သာသိနိုင်တဲ့ အဆိုးဆုံးအဆင့်အထိ ရောက်ရှိသွားဖို့လည်း မခဲယဉ်းတော့ပါဘူး။ ဒီလိုရောက်ရှိသွားခဲ့တဲ့သာဓကတွေ မိမိတို့ပတ်ဝန်းကျင်မှာ အများကြီးတွေ့ခဲ့ရပြီးပါပြီ။

နောက်ဆုံး ဆိုချင်တာတစ်ခုက ကိုယ့်ကြောင့်လည်း မညှိုးသွားကြပါစေနဲ့.. ဟူ၍သာ...။ ကိုယ့်ရဲ့အသိမှားမှုကြောင့် အညှံ့တွေ များလာရင် နောက်ဆုံးကိုယ့်ကိုပါ ပြန်ပတ်လာမယ်ဆိုတဲ့ အသိတစ်ခုဝင်လာရင်ကို အတော်ဟုတ်နေပါပြီ။ အနာဂတ်နိုင်ငံတော်နဲ့ ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အခင်းအကျင်းမှာ ရင်ပေါင်တန်းဝင်ဆံ့မယ့် သင်သိမှတတ်သိ၊ တတ်သိမှပညာသိများဖြစ်လာဖို့ များစွာလျှောက်လှမ်းရဦးမှာဖြစ်ပါတယ်။

ကျောင်းတွေစောစောဖွင့်မှ ရန်တွေမြန်မြန်ငြိမ်းမှာဖြစ်ပါတယ်။ အသိတွေ တိုးလာမှ အညှံ့တွေဆုတ်ယုတ်မှာဖြစ်ပါတယ်။ အသိမှန်မှ ရှုမြင်ပုံလည်းမှန်ပြီး အပြောမှန် အလုပ်မှန်မှာဖြစ်လို့ပါပဲ။ ပညာရေးအတွက် အရင်းအမြစ်ဟာ ခါးသီးလှပေမယ့် ထွက်ပေါ်လာမယ့် အသီးအပွင့်ကတော့ ချိုမြိန်တယ်ဆိုတဲ့ ယုံကြည်ချက်ထားရှိရပါမယ်။ အမျိုးသားအကျိုးစီးပွားအတွက် ဦးတည်စဉ်းစားကြတဲ့အခါ အားလုံးမှာစွမ်းဆောင်နိုင်တဲ့အားတွေရှိပြီးဖြစ်တဲ့အတွက် အကျိုးစီးပွားချင်းထပ်တူဖြစ်တဲ့ အကျုံးဝင်သက်ဆိုင်သူ stakeholder အားလုံး တက်ညီလက်ညီပါဝင်မှသာ ခရီးရောက်အောင်မြင်မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ





နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထား ပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ် ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိ နေသော ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် တာဝန်ရှိ သူများနှင့်အတူ တိုးချဲ့ရပ်ကွက်ရှိ ဒေသခံပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်း များ ပေးအပ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဗဟိုစာရင်းအင်းအဖွဲ့များ နှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင် မြို့နယ်သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ အလယ်ချောင်း ကျေးရွာအုပ်စု အခြေခံပညာမူလတန်း(လွန်)ကျောင်း ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီး ကျောင်းများ ပြန်လည်ပြုပြင်ခြင်းများ၊ မီးရထား ဆိပ်ကမ်းရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန၏ ဂိုဒေါင်နှင့် ဆိပ်ကမ်းများတွင် ထောက်ပံ့ပစ္စည်းများ ရောက်ရှိပါကထားရှိနိုင်မှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့အတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိ နေသော ဗိုလ်မှူးချုပ် ဝင်းကိုကိုသည် လေဘေးသင့် ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများ လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စွယ်တော်ရိပ်သာ(၁)ရပ်ကွက်၊ စွယ်တော်စီးတီးအိမ်ရာကွန်ဒို၊ တိုက်အမှတ်(A)၊ RC (၈)ထပ် ကွန်ဒိုအဆောက်အဦမှ အခန်းအမှတ်(၅၀၂)၊ (၅-လွှာ)၊ ဧရိယာ(၁၂၆၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးနေလင်းဦး(ခ) ဦးဝင်းဦး [၁၂/ကမရ(နိုင်)၀၂၈၀၆၃]၊ ဦးမြတ်သူ [၁၂/ဒဂန(နိုင်)၀၁၅၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇင်ကျော် [၁/ဟပန(နိုင်)၀၁၇၂၃၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး [LL.B,WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651,09-793568375**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၀၇၊ လှော်ကားလမ်း။ မြေကွက်အမှတ်-၁၅၈၉၊ ဒေါ်သင်းအုံ (ဘ) ဦးညီ (၁၂/လမန (နိုင်) ၀၈၅၈၂၆) အမည်ပေါက် ပါမစ်မြေ၊ ဧရိယာ (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အနက်မှ တရားဝင် ခွဲစိတ်ခြင်း မပြုရသေးသော (မြေကွက်အမှတ်-၁၅၉၀ နှင့်ကပ်လျက်)၊ ဧရိယာ (အလျား ၂၀ ပေ x အနံ ၆၀ ပေ) ရှိမြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင် လက်ဝယ်တည်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးကျော်အောင်ထက်** (ဘ) ဦးစိုးတင့် (၁၂/စခန (နိုင်) ၀၇၃၉၁၈) ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် မြေကွက်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအထက်ပါ မြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမိုးဇော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၈၅/၁၃)**
**ဦးနိုင်လင်းထွန်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၃၁၄၇/၁၃)**
အမှတ်-၂၂၇၊ အခန်း (၆)၊ ပထမထပ်၊ **MTM Group Condominium**၊ ဆိပ်ကမ်းသာလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၉-၇၃၀၇၁၄၄၇၊ ၀၉-၂၅၄၂၀၁၂၁၂၊ ၀၉-၇၉၈၆၀၂၆၄၆

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ F/82၊ မဥ္ဇူ (၁၅)လမ်းနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုဝေဖြိုး(၁၄/ဝခမ(နိုင်)၁၄၃၅၅၆)ကိုင်ဆောင်သူ သည်လွန်ခဲ့သော(၁၉-၉-၂၀၁၇)ရက်နေ့က ဦးထက်အောင် (၁၂/သဃက(နိုင်)၁၆၇၂၈၈) ကိုင်ဆောင်သူ နှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီး (၂)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါတွင် ဦးထက်အောင်သည် သားသမီးများ၏ မျက်နှာကိုမထောက်ထားသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုဝေဖြိုးအပေါ်တွင်လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တရားရုံးတော်၌ (၇-၄-၂၀၂၃) ရက်နေ့တွင် နှစ်ဦးသဘောတူအပြီး အပြတ်တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ဦးထက်အောင်၏ ကတိပြုချက်အရ ၄င်းရသင့်သောငွေကြေးနှင့်ပစ္စည်းများကိုလည်း ဦးထက်အောင်မှရယူပြီးဖြစ်ပါသည်။ ထို့ကြောင့် ယနေ့မှစ၍ ဦးထက်အောင်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုဝေဖြိုး တို့သည် လုံးဝပတ်သက်ခြင်းမရှိတော့ပါသဖြင့် ဦးထက်အောင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေငြာအပ်ပါသည်။

ဒေါ်စုဝေဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်နွယ်ဝင်း (LL.B, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၃)
အမှတ်(၁၁၇၇)၊ သုမင်္ဂလာလမ်းမကြီး၊ (၂)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၀၂၅၁၂၉၀၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## ရွှေပြည်သာမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

ဒေါ်လက်ချမ်း နှင့် ဒေါ်တင်တင်လှိုင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ အိမ်တော်ရာ ပန်းခြံ (၄)လမ်း၊ အမှတ် (၃၄၉)နေ ဒေါ်တင်တင်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို ရေစစ္စတြီမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်ရအမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်၊ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ (၂၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၁၉)၊ ၃လွှာ၊ ဒုတိယထပ်၊ ခြေရင်းခန်း အကျယ် (၁၂½'x၅၀') ပေခန့်ရှိ တိုက်ခန်းကို အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ပိုင်ရှင်များဖြစ်ကြသော ဒေါ်နန်းကျော်စန္ဒာဌေး [၃/ကဆက(နိုင်)၀၀၀၀၉၅]၊ ဒေါ်နန်းယဉ်ယဉ်သိန်း [၁၂/လမန(နိုင်)၀၂၇၄၇၀]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်နိုင်ဦး(ဥပဒေတွဲ့)** **ဒေါ်ကျော့ကျော့စံ(ဥပဒေတွဲ့)**
**(စဉ်-၈၇၆၂)** **(စဉ်-၁၃၄၈၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ အခန်း(၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၅၀၅၇၃၇**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အိမ်အမှတ်-၅၇(မြေညီထပ်)၊ အကျယ်အဝန်း(၂၄x၅၀)ပေရှိ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို **ရောင်းသူ ဒေါ်ခိုင်ခင်ဦး (မြေရှင်) [၇/လပတ(နိုင်)၁၃၀၀၇၀]**မှ ၎င်းလက်ဝယ်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသောတိုက်ခန်းဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နီလာဝင်း [၁၃/ကမန(နိုင်)၀၅၉၂၆၁]**က ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။** သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝင်းဖြူ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၈၄)**
**အမှတ်-၄၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၁၀၃၃၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၁၉)၏ ၆ လွှာ(ခြေရင်းခန်း) (၂ ခန်းတွဲ- ၆ ထပ်တိုက်ရှိ)တိုက်ခန်းကို လက်ရှိပိုင်ဆိုင်သူ အခန်းရှင်ဖြစ်သော ဒေါ်ချိုချိုလွင် [၁၂/ဒဂန(နိုင်)၀၂၅၅၃၈]ထံမှ တိုက်ခန်း၏ ပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်မ ဒေါ်မြကြည် [၁၀/မလမ(နိုင်)၁၀၀၇၆၂]က ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသော ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြကြည်**
**အမှတ်(၇)၊ ၃လွှာ(A)၊ ၁၄၇လမ်း၊ အရှိုးကုန်းရပ်ကွက်၊ တာမွေ။**
**ဖုန်း- ၀၉-၄၄၈၀၁၃၉၇၉၊ ၀၉-၉၇၂၂၁၀၂၂၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၂၁

ဒေါ်လှလှအုန်း နှင့် ၁။ ဒေါ်ခင်ပု (ကွယ်လွန်သူ၏ အမွေထိန်းလက်မှတ်စာရသူ-ဒေါ်နု)
၂။ ဦးအမ်ဟာစံ
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ စံပယ်ဖြူလမ်း၊ (၄)လမ်း၊ အမှတ်- ၅၉၆ နေ (ယခု နေရပ်လိပ်စာမသိ)သူ တရားပြိုင်များ ဖြစ်ကြသော (၁) ဒေါ်ခင်ပု(ကွယ်လွန်သူ၏အမွေထိန်းလက်မှတ်စာရသူ-ဒေါ်နု) နှင့် (၂) ဦးအမ်ဟာစံတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဝယ်ယူထားသောအိမ်ခြံမြေအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးဆိုလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၅)ရက်၊ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ (၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ဦးကျော်ကျော်မြင့် [၁၂/သကတ (နိုင်) ၁၆၈၈၃၃] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်-(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph:09-795961643

## အမည်မှန်

နောင်ချိုမြို့နယ်၊ ဂုတ်ထိပ်ကျေးရွာနေ အဖ ဦးကျော်ကိုလတ်၏ သား မောင်တုန္နိုင်းမရ ၏ အမည်မှန်မှာ မောင်ထက်ဖြိုးဝေ ဖြစ်ပါကြောင်း။

**မောင်ထက်ဖြိုးဝေ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာလမ်း (၃၀)၊ အမှတ်(၉၇၆) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၉၇၆) အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ ဦးရဲမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်တင်တင်ဦး [၁၃/မဖန(နိုင်) ၀၀၁၀၄၉]မှ ၎င်းအပြည့်အဝပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖေယျာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၈၄၆၉)**
**အမှတ်(၁၀၉၀)၊ ၁၆-လမ်း၊ ၄- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၇၉၆၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒွေးကြွယ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အိမ်အမှတ်(၄၇)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄/A)၊ မြေကွက်အမှတ်(၂၈၆)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲတိုက်၏ခေါင်းရင်းဘက်ခန်း(၇-လွှာ)၊ (အလျား၁၆ပေ x အနံ၆၀ပေ)တိုက်ခန်းနှင့် အသင့်တပ်ဆင်ပြီးဖြစ်သည့် ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးရွှေဝင်း[၁၁/စတန (နိုင်)၀၁၀၅၅၀]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေခိုင်ဦး[၁၂/သလန(နိုင်)၁၃၇၄၃၉]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖေယျာထွန်း(LL.B) (စဉ်-၂၈၄၆၉)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၀၉၀)၊ ၁၆-လမ်း၊ ၄-ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၉၆၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ်(၈၇၅/က)ဟုခေါ်တွင်သော ဒေါ်ပဲ အမည်ပေါက် ပါမစ်မြေ၊ အကျယ်အဝန်း (အလျား၄၀ပေ x အနံ၆၀ပေ)ရှိထဲမှ (အလျား၂၀ပေ x အနံ၆၀ပေ)ရှိ (ခေါင်းရင်းခန်းအခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်တစ်လုံးအပါအဝင် ယင်းမြေကွက်နှင့်အိမ်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုမြေကွက်ရောင်းချသည့် ဒေါ်လှမြင့် [၁၂/သဃက(နိုင်) ၁၅၁၄၁၉]မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးစိန် LL.B, DBL, DML, DA. PSY**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၀)**
**အမှတ်(၃၀)၊ အောင်မာဃလမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၅၉၇၂၇၆၅၇**

## အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂ဝိုင်ိ၊ မြေကွက်အမှတ် V-၆၂ဟု ခေါ်တွင်သော မြေဧရိယာ-၀.၀၃၀ဧကရှိ နှစ် ၉၀ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၇၊ ၁၂လမ်း၊ ၅ ရပ်ကွက်ရှိ ၃ထပ်တိုက်အဆောက်အဦမှ ပထမထပ်(ထပ်ခိုး)အပါအဝင်၊ ဧရိယာ(၂၅ပေ x ၅၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းအခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ရေ၊ မီး၊ မိလ္လာအပါအဝင် ဝင်ထွက်သွားလာခွင့်ဆိုင်ရာ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် TRADE CANAL GROUP CO., Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-111522162)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရိန်ထွန်း LL.B, DBL, DML, DIL, DIPL, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း-၁၆(ခ)၊ ပထမအထပ်၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၁၀၆၂၈၉၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၁) ရပ်ကွက်၊ ရွှေဖီခိုင်ညွှာလမ်း၊ အမှတ်-၄၇၀ မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ၃-လွှာ၊ ဒုတိယထပ်၊ ခြေရင်းခန်း၊ အခန်းအမှတ် (B-3)၊ အကျယ် (၁၉x၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေရှင် ဒေါ်သီတာ [၁၂/မရက(နိုင်) ၀၈၀၃၀၈]နှင့် (၂၅-၁၁-၂၀၁၄) ရက်စွဲပါ "၂-ခန်းတွဲ ၆-ထပ်တိုက် RC အဆောက်အဦဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစနစ်ဖြင့် ချုပ်ဆိုသော ပဋိညာဉ် စာချုပ်" အရ ကန်ထရိုက်တာ ဦးသိန်းမြင့်လေး [၅/ကလတ(နိုင်) ၀၃၄၆၉၆]မှ ခံစားခွင့်ရှိသော အခန်းဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၉၈/ပဲမှီကုန်း၊ မြေကွက်အမှတ် - ၄၅/၇၊ အကျယ် ပေ (၇၀ x ၁၅၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခြေရင်းဘက်ခြမ်း အကျယ် ပေ(၂၅ x ၄၀)၊ မြေအမျိုးအစား - ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၅/က)၊ မင်္ဂလာလမ်းသွယ်၊ ဘို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၉-၁-၂၀၀၅) ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်မြေ အရောင်းအဝယ်စာချုပ်" အရ ဦးဆန်ကျဲဦးလွယ် [၁၂/အစန(နိုင်)၁၅၆၉၉၄] က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၁၁၁)တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၃)ထပ်တိုက်မှ မြေညီထပ်၊ ခြေရင်းခန်း (B-1) တိုက်ခန်းကို လက်ရှိပိုင်ဆိုင်သူ ဦးခင်အောင်စိုး [၁၄/ငပတ (နိုင်)၀၇၉၉၈၄ ] ထံမှ ဦးအောင်မင်း[၈/ပခက(နိုင်)၀၂၁၉၈၁]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ အဆိုပါ အရောင်းအဝယ် ပြုလုပ်မည့် တိုက်ခန်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုသူသည် အထောက်အထား၊ စာရွက်စာတမ်း အစုံအလင်ဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စပြီးပြတ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးကြူ (M.A,R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၅၄/၁၉၈၀)**
**အမှတ်-၂၉၄(က)၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၃၃၄၅၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၃

| | | | |
|---|---|---|---|
| ဒေါ်မေဆုလှိုင် | နှင့် | ၁။ | ဦးမောင်မောင်မြင့် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသောင်းထွန်း) | | ၂။ | ဒေါ်ခင်ဆွေတင် |
| (တရားလို) | | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ စံပယ်ဖြူလမ်း၊ အမှတ်-၁၄၀/ခ နေ (ယခုနေရပ်လိပ်စာမသိ) သူ တရားပြိုင်များဖြစ်ကြသော (၁)ဦးမောင်မောင်မြင့်နှင့် (၂)ဒေါ်ခင်ဆွေတင် တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၁၂ အရ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၅)ရက်၊ (၁၃၈၅ခုနှစ်၊ နယုန်လဆုတ် ၃ ရက်နေ့) မွန်းမတည့်မီ(၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ(၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဠ)၊ မြေကွက်အမှတ် (၈၃၉/ခ)၊ (အလျား ၂၀ပေxအနံ၅၀ပေ)အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ သုခမ္မာလမ်း၊ အမှတ်(၈၃၉/ခ) ဟုခေါ်တွင်သော မြေအိမ်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူများဖြစ်သော ဦးအေးလင်း [၁၂/မရက(နိုင်)၀၈၂၃၈၁]နှင့် ဒေါ်စန္ဒာဝင်း [၁၂/သဃက(နိုင်)၀၃၇၄၅၁]တို့ အမည်ပေါက်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးမောင် [၁၂/ဥကမ(နိုင်)၀၆၀၄၅၂]မှအပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေအိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B, D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ဂ၊ မြေကွက်အမှတ် - ၂/၄၆၊ ဧရိယာ-အလျား-၄၀ ပေ × အနံ-၆၀ ပေရှိ ပါမစ်မြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသော ခေါင်းရင်းခြမ်းဧရိယာ-(အလျား -၂၀ ပေ × အနံ - ၆၀ ပေ)ခန့်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဂ-ရပ်ကွက်၊ တားခါလမ်း၊ အမှတ်- ၂/၄၆ ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးထွန်းလှ (၁၄/ပသရ(နိုင်)၀၂၅၁၀၇)ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းသစ်နွယ်(၁၄/မမန(နိုင်)၁၅၄၆၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်သဉ္ဇာဝင့် ( LL.B., D.B.L., D.I.L.) | ဦးဇော်ဇော်သီဟအောင် (LL.B., D.B.L.,D.I.P.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၁) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၃၆) |

အမှတ်-၃၃၈၊ တပင်ရွှေထီးလမ်း၊ ၁၁-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀-၇၀၅၃၂ ၊ ၀၉-၇၉၅၆၅၇၈၃၈၊ ၀၉-၇၉၄၈၄၄၉၅၄

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးမြင့် [၁၂/ပဇတ(နိုင်) ၀၁၇၀၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်ရပ်ကွက်ကြီး (၉)၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ ဦးပိုင်အမှတ်(၃၄၃ နှင့် ၃၄၅)ဟုခေါ်တွင်သော အလျား(၈၀)ပေ x အနံ (၆၀)ပေရှိ မြေကွက်ပေါ်ရှိဦးဟန်ထွန်း [၈/ပခက(နိုင်) ၀၇၅၀၁၀]အမည်ပေါက် ပါမစ်မြေကွက်အား မြေကွက်ပိုင်ရှင် ဦးဟန်ထွန်းမှ ၎င်းတစ်ဦးတည်းအရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေ ဦးအေးမြင့်ထံသို့ အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးမြင့်က ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းငွေး(ခ)ဦးအောင်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၈၃/၈-၂-၂၀၂၂)**
**အမှတ်(၉/၁၁)-မြေညီ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၄၂၃၉၇၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၂၂)၊ ဧရိယာ(၀.၀၅၅)ဧက၊ စတုရန်းပေ (၂၄၀၀)၊ အကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၂၂)၊ စက်မှုလယ်ယာ(၂)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိင်္ဂီစော [၁၁/စတန(နိုင်)၀၀၂၂၇၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ် သော ဦးရဲမြင့်ထွန်း[၁၂/ရကန(နိုင်)၀၂၂၈၂၆]နှင့် ဒေါ်ညိုညိုခိုင်[၁၂/စခန(နိုင်)၀၄၁၈၈၆]တို့က ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၉)၊ ပထမထပ်၊ ခြေရင်းခန်း၊ အကျယ် (၁၈ပေx၅၅ပေ)ခန့်ရှိတိုက်ခန်းကို ပိုင်ရှင်ဖြစ်သူ ဒေါ်အေးလဲ့လဲ့ဝင်း[၁၂/ပဇတ(နိုင်)၀၃၁၄၇၅]၊ ဒေါ်နှင်းပွင့်ဇင်[၁၂/ပဇတ(နိုင်)၀၃၁၄၇၆]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့)** | **ဒေါ်ကျော့ကျော့စံ(ဥပဒေဘွဲ့)** |
| **(စဉ်-၈၇၆၂)** | **(စဉ်-၁၃၄၈၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ အခန်း(၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၅၀၅၇၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က-၂လမ်း၊ အမှတ်(၃၉/က)ဟု ခေါ်တွင်သော မြေဧရိယာအလျား ၂၀ပေxအနံ၆၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိသူ ဦးမျိုးဦး [၁၄/ညတန(နိုင်) ၀၉၅၆၉၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစောကော်ဒို(LL.B)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၆၁၃)**
**အမှတ်-၂၁၄၊ က/၃လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၂၅၂၀၆၇၅၄၀၊ ၀၉-၇၅၇၆၉၂၂၅၆**

## မိဘအမည်မှန်

မော်လမြိုင်မြို့၊ ဝတ်သစ် အ.မ.က မှ မူလတန်းပြဆရာမ ဒေါ်မြင့်မြင့်ဝင်း [၁၀/မလမ(နိုင်) ဝ၁၄ဝ၂၉]၏ မိဘအမည်မှန်မှာ ဦးဘငြိမ်း[၁၀/မလမ(နိုင်)ဝ၁၄ ၂၇၄]နှင့် ဒေါ်အုံးမြင့် [၁၀/မလမ (နိုင်)၁၁၈၆ဝ၉]ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ (ဘတ်ဂျက်) ဒေါ်စမ်းစမ်းမော်နှင့် ဒေါ်စန်းစန်းမော်[၁၂/မဂတ (နိုင်)ဝ၃၃၉ဝ၃]မှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဒေါ်စမ်းစမ်းမော်(ခ)**
**ဒေါ်စန်းစန်းမော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၂)၊ အခန်း(၁၉)ဟု ခေါ်တွင်သော ဦးထွန်းလှ (DV – 078157) အမည်ပေါက် တိုက်ခန်းအား တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသူဖြစ်သော ဇနီးဖြစ်သူ ဒေါ်မာမာစိန် [၁၂/စခန(နိုင်)ဝ၂၉၇၈၃]က အဆိုပါတိုက်ခန်းသည် ပိုင်ဆိုင်မှု အရှုပ်အရှင်းများ ကင်းရှင်းပြီး မည်သူကိုမဆို မိမိတစ်ဦးတည်း ဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံ၍ အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ဝ၉–၄၅ဝဝ၃၉၂၁ဝ၊ ဝ၉–၅ဝ၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃၄ – ဘီ)၊ မြေကွက်အမှတ်(၇၈၈)၊ အကျယ်အဝန်း (အလျား ၃ဝပေ x အနံ၅ဝပေ )ရှိ ဦးညွှန့်လွင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မြရတနာမြို့သစ်၊ ယုဇနလမ်း၊ အမှတ်(၇၈၈) ဟုခေါ်တွင်သော အိမ်အပါအဝင် သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချလိုကြောင်း စာရွက်စာတမ်းမူရင်းများပြသ၍ ကမ်းလှမ်းလာသူ ဦးအောင်သန်းဝင်း [၈/ပခက(နိုင်)၁၆၃၂၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ဝ၉–၄၅ဝဝ၃၉၂၁ဝ၊ ဝ၉–၅ဝ၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ မဟာသုခလမ်း၊ မြေကွက်အမှတ်(၃၄၈/က)၊ အကျယ်အဝန်း(၂ဝပေX၆ဝပေ)ရှိ ဦးအုန်းငြိမ်း အမည်ပေါက်မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်တင်မေထွေး (၁၀/မလမ(နိုင်)၁၅၁၉၅၄)ကိုင်ဆောင်သူက တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်း မရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးဟိန်းဇော်ထွန်း(LL.B.) ဦးထက်အောင်(LL.B.) ဒေါ်နန္ဒာသီရိ (LL.B.)**
**(စဉ်–၁၇ဝ၃၄) (စဉ်–၁၇၅၇၂) (စဉ်–၁၇၅၈၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၃ဝ)၊ မြို့ဟောင်း(၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–ဝ၉၄၂၅၃၆၈၉၆၃၊ ဝ၉၄၅ဝ၁၃၄၃၇၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(5/C)၊ (၁၂ ½ ပေ x ၅၄ပေ)ရှိ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဒေါ်ဝင်းကြူ [၁၃/တကန(နိုင်)ဝ၇ဝ၅၉၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်မ မခိုင်ဇာသွယ် [၁၂/ဗတထ(နိုင်)ဝ၄၂၃၁၆]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်မထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မခိုင်ဇာသွယ်**
**ဖုန်း–ဝ၉–၇၉၅၇၃၅၁၉၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တံတားပုံထုတ်ဌာနခွဲ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်–DOB/ပုံထုတ်/၂ဝ၂၃–၂ဝ၂၄/ဝ၁

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပုံထုတ်ဌာနခွဲမှ ၂ဝ၂၃–၂ဝ၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေမှ တိုင်းတာရေးလုပ်ငန်းသုံး Total Station Set & Accessories (Lot–1) နှင့် တံတား ဒီဇိုင်းတွက်ချက်ခြင်း Midas Civil Software(Lot–2) တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား/တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံများရောင်းချမည့်ရက် | –၅–၆–၂ဝ၂၃ရက်မှ၁၆–၆–၂ဝ၂၃ရက် အထိ(ရုံးချိန်အတွင်း) |
| ၃။ | Pre–Bid Meeting ကျင်းပမည့် ရက်/နေရာ | –၂၁–၆–၂ဝ၂၃ရက်၊ အစည်းအဝေးခန်းမ၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော် |
| ၄။ | ပစ္စည်း၏ Specification တင်ပြရမည့် နောက်ဆုံးရက် | –၂၈–၆–၂ဝ၂၃ရက်၊ (၁၅:ဝဝ)နာရီ |
| ၅။ | တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန် | –အသိပေးအကြောင်းကြားပါမည်။ |
| ၆။ | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | –အစည်းအဝေးခန်းမ၊တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော် |

၇။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပုံထုတ်ဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊ ဖုန်းနံပါတ်၊ 09–5005341/09–250442880 သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ တံတားဦးစီးဌာနသို့ လူကိုယ်တိုင် ဖြစ်စေ၊ Online စနစ်ဖြင့် Mail Address: **nptbridgedesign@gmail.com** သို့ဖြစ်စေ ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာ ပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD–012939 သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁ဝ/မြောက်)ရပ်ကွက်၊ ကွေ့မအိမ်ရာ၊ တိုက်အမှတ်(I)၊ အခန်းအမှတ်(ဝဝ၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်သန်း [၇/တကန(နိုင်)ဝဝ၁၄၇၄]ထံမှ အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ဇင်မာသန်း[၁၂/လသယ(နိုင်) ဝ၆၈၆၉၈] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ မေခါဝီလမ်းမကြီး၊ အမှတ်(၅၇၃)(A– 1)၊ (၅)လွှာ(B)၊ ဧရိယာ(၁၄.၅x၅၅)ပေရှိ တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဦးမောင်မောင်[၁၂/ဥကမ(နိုင်)၁၁ဝ၇၅၂]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်ရောင်းဖိုး ငွေကျပ်တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြေးမုံမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၆၆)**
**ဖုန်း–ဝ၉–၄၂ဝ၂၂ဝ၉ဝ၂**

## "ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၂၃၁)၊ ဦးဘဝင်းလမ်း၊ (၄ဝ ပေ x ၆ဝ ပေ)၊ (၂၄ဝဝ)စတုရန်းပေ ကျယ်ဝန်းသော ဦးခင်မောင်မြတ်(AV–027068) (ကွယ်လွန်)အမည်ပေါက်နှစ်(၆ဝ)ဂရန်မြေကွက်ကို ဇနီးဖြစ်သူ ဒေါ်ငွေစိန် [၁၂/ကတတ(နိုင်)ဝ၁၄၉ဝ၂]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး၊ ၎င်းထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဌေးဝင်း[၁၂/တမန(နိုင်)ဝ၈၈ဝ၆ဝ]သည် အထက်ဖော်ပြပါ မြေကွက်ကြီးအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း (၂ဝပေx ၆ဝပေ)အကျယ်ရှိ မြေကွက်နှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ၎င်းမှစီမံခန့်ခွဲပိုင်ခွင့်နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့လွင် [၁၂/ကမရ (နိုင်)ဝဝ၃၃၉၆]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့်တန်ဖိုးငွေအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှထွေး (LLB., D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁ဝ၉၅၇)**
**အမှတ် (၄၄၆/B)၊ ဓမ္မာရုံလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ဝ၉–၂၅၄၄၁ဝဝ၉၁**

## အသိပေးကြေညာချက်

SPRITE သည် The Coca-Cola Company (TCCC) မှ ပိုင်ဆိုင်သော အရသာရှိလှတဲ့ ရှောက် - သံပုရာသီး အနံ့အရသာနဲ့ ကြည်လင်သော အရောင်ရှိသည့် အချိုရည် အမှတ်တံဆိပ် ဖြစ်သည်။

TCCC သည် Sprite နှင့် Sprite ကဲ့သို့သော "SPRITE" (၄/၅၈၄၁/၂၀၁၂) [T/2021/020162] အမှတ်တံဆိပ်အား "အရက်မပါဝင်သော အဖျော်ရည်များ" အတွက်ကုန်ပစ္စည်းအမျိုးအစား ၃၂ အပါအဝင် ကုန်ပစ္စည်းအမျိုးအစားအမျိုးမျိုးကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားရှိပြီး ဖြစ်ကာ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်များကို ပြည်တွင်းသတင်းစာများတွင် ပုံမှန် ထည့်သွင်း ကြေညာခဲ့ပါသည်။

မြန်မာပြည်တွင် SPRITE အား TCCC ၏ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိထားသည့် (under a license granted by TCCC) တရားဝင်ထုတ်လုပ်သူ ဖြစ်သော အမှတ် (၅၀)၊ မြို့ရှောင်လမ်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံရှိ Coca-Cola Pinya Beverages Myanmar Limited တစ်ဦးတည်းမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

အများပြည်သူများနှင့် ဈေးဝယ်သူများအနေဖြင့် SPRITE ကို မဝယ်ယူခင် အောက်ဖော်ပြပါ ဇယားတွင်ပါရှိသော ပုလင်းအကြည်၊ အဖုံးအစိမ်း၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖော်ပြထားသည့် ကုန်အညွှန်း အမှတ်အသား (label) နှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံချက်အမှတ် စသည့် ညွှန်းဆိုချက်တို့အား သတိပြုသင့်ပါသည်။

| ပုလင်းအစစ် | ကုန်အညွှန်းအမှတ်အသား |
|---|---|
| ၁.၂၅ လီတာ  |   |
| ၈၅၀ မီလီလီတာ  |   |
| FDA ထောက်ခံချက်အမှတ် | ၈၄/၁၂၀၇၅/ထလ |

အဆိုပါအမှတ်တံဆိပ်အား ဆင်တူရိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှား ဖြစ်စေရန် ပြုလုပ်ခြင်း၊ ထိပါးချိုးဖောက်ခြင်း နှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံတည်ဆဲ ဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**The Coca-Cola Company ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမိုးမင်းသူ (LL.B, LL.M, M.Res)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၅၅၄၅)**
**Phone: +951371385**

## ဝတ်ရည်ဦး

ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ကျန်စစ်သား၊ မြေကွက်အမှတ်(၂၆၈၂+၂၆၈၃)၊ ဧရိယာ(၂၅ဝဝ)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ ယောမင်းကြီးလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ ဦးအောင်ဝင်း (KTDA–ဝဝ၂၇၅၅) အမည်ပေါက် နှစ်(၆ဝ)မြေငှားဂရန် မြေအား အမည်ပေါက် ဦးအောင်ဝင်းအား တရားပြိုင်ထားကာ ဒေါ်ရီရီခိုင်မှ တရားလိုပြုလုပ်၍ ဒလမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၂၂/၂ဝ၂ဝ)ဖြင့် အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ်ချမှတ်သည့် (၂ဝ–၅–၂ဝ၂၂)ရက်စွဲပါ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၄/၂ဝ၂၂)၏ (၅–၉–၂ဝ၂၂)ရက်စွဲပါ အမိန့်၊တာဝန်ခံမိတ္တူမှန်၊ ဘီလစ်ခန့်စာ၊ နှစ်(၆ဝ)ဂရန်မူရင်းတို့တင်ပြ၍ တရားရှုံးကိုယ်စား ဘီလစ်ဒေါ်သီတာဝင်း [၁၂/ဆကခ(နိုင်)ဝဝ၆၁၅၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ ပုလဲသွယ်(၃)လမ်း၊ မြေကွက်အမှတ်(၅၆၅)၊ အကျယ်အဝန်း(၄ဝပေ x ၆ဝပေ)ရှိ ဦးကျော်ညွှန့် အမည်ပေါက် မြေနှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သီတာအောင် [၁၀/မလမ(နိုင်) ၁၃၉၃၈၄] သည် ၎င်းမြေကွက်အား ဝယ်ယူရန်အတွက် (၂၉–၅–၂ဝ၂၃)ရက်နေ့တွင် **"နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"** ချုပ်ဆိုပြီးဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဒေါ်သီတာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်အောင် (LL.M)** **ဒေါ်အိဖြူဇင်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၆၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၃၆)**
**အမှတ်–(၁ဝ၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–ဝ၉–၄၅၃၃ဝ၇၁၅၅၊ ဝ၉–၄၅၄၈၃၉၂၁၉**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက် စွဲ၊ ၂၀၂၃ ခုနှစ်၊ မေ လ ၃၁ ရက်)**

၁။ ၂၀၂၃ခုနှစ်၊ ဇွန် လ(၁)ရက်နေ့တွင် ကျင်းပမည့် (၅၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ဆ"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၇) လုံးတွင် ထီစာအုပ် (၅၀၇၄၆၅) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သိန်း (၅၀၇၄.၆၅၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သိန်း (၃၅၅၂.၂၅၅) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သိန်း (၁၄၂.၁၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၃) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၈) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၁) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၁) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၄၂.၁၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၆၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၁၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၅၁) ကြိမ်မြောက်ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၆-၂၀၂၃)ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## e-Government လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
**တင်ဒါအမှတ်စဉ် (ITCS – ၆/၈/၉/၁၀/၁၁/၁၂/၁၃/၁၄/၁၅) –၂၀၂၃**

၁။ ၂၀၂၃ –၂၀၂၄ ဘဏ္ဍာနှစ်၊(ဧပြီလမှမတ်လ)အထိ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် e-Government လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် –

